မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၂ရက်၊ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်၊ စနေနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၂၈)

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ အစည်းအဝေးကျင်းပ

နိုင်ငံတော်သမ္မတအဖြစ် ဦးသိန်းစိန်၊ ဒုတိယသမ္မတများအဖြစ် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း(ခ)မောင်အုန်းတို့အား ရွေးချယ်တင်မြှောက်

နေပြည်တော်　　ဖေဖော်ဝါရီ　　၄

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် ခန်းမဌကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရာနှုန်းပြည့်

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ရောက်ရှိနေရာယူသည်။ ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၆၅၉ ဦးရှိသည့်အနက် ၆၅၉ ဦးစလုံး တက်ရောက်သည့်အတွက် ၁၀၀ ရာခိုင်နှုန်း ရာနှုန်းပြည့်ဖြင့် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻

တိုင်းရင်းသားလူမျိုးအားလုံး ကောင်းကျိုး၊ ဆိုးကျိုးများကို မျှဝေ စံစား၊ ခံစား

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း နယ်မြေဒေသအနှံ့တွင် တိုင်းရင်းသား လူမျိုးပေါင်းစုံ ပျံ့နှံ့နေထိုင်လျက် ရှိသကဲ့သို့ နယ်မြေဒေသ အစိတ်အပိုင်းတစ်ခုချင်းတွင်လည်း တိုင်းရင်းသားလူမျိုးများ ပေါင်းစည်းရောယှက် နေထိုင်လျက်ရှိကြရာ တိုင်းရင်းသားလူမျိုးအားလုံး၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝများသည် တစ်သားတည်းဖြစ်ကာ သမိုင်းကြောင်းတစ်လျှောက်တွင် ပေါ်ပေါက်ခဲ့သော ကောင်းကျိုး၊ ဆိုးကျိုးများကို မျှဝေ စံစား၊ ခံစားခဲ့ကြရသည်သာဖြစ်သည်။

ဤသို့အားဖြင့် တိုင်းရင်းသားလူမျိုးတစ်မျိုးမျိုး သို့မဟုတ် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်း တစ်ရပ်ရပ်ကို သီးသီးသန့်သန့် ခွဲခြားပိုင်းခြား မရနိုင်ဘဲ ပြည်ထောင်စုကြီးတစ်ရပ်လုံးနှင့် တိုင်းရင်းသားလူမျိုးများအားလုံးကို လွှမ်းခြုံပေးနိုင်မှသာ ပြီးပြည့်စုံသည့် အကျိုးရလဒ်ကောင်းများ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေသည် ပြည်ထောင်စုကြီး၏ ထူးခြားသော ဝိသေသ ဂုဏ်ရည် တစ်ရပ်ပင်ဖြစ်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ -

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ အစည်းအဝေးကျင်းပ

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ အစည်းအဝေးကျင်းပစဉ်။　　(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်)

မိခင်နှင့်ကလေးကျန်းမာရေး အလေးပေးဖော်ဆောင်

မြန်မာနိုင်ငံတွင် မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက်ရှိသည်။ မွေးကင်းစကလေးသေဆုံးမှု လျှော့ချရေး၊ ငါးနှစ်အောက်ကလေး၊ ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှုလျှော့ချရေး၊ HIV/ AIDS စသည့်ရောဂါများတိုက်ဖျက်ရေးများကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာ့တစ်ဝန်း၌ ငါးနှစ်အောက်ကလေးများ၏သေဆုံးမှု သုံးပုံနှစ်ပုံသည် မွေးကင်းစကလေးများဖြစ်သည်။

မြန်မာနိုင်ငံတွင် မိခင်များ၊ မွေးကင်းစနှင့် တစ်နှစ်အောက်ကလေးများအပါအဝင် ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုများကိုလျှော့ချနိုင်ရန်ရည်ရွယ်ပြီး မိခင်နှင့်ကလေး(မွေးကင်းစအပါအဝင်)ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အလေးထားအကောင်အထည်ဖော်လျက်ရှိသည်။

မွေးကင်းစကလေးငယ်များ ကျန်းမာရေးအတွက် လေးလအောက် ကလေးငယ်များအား မိခင်နို့ရည်တစ်မျိုးတည်းကိုသာ တိုက်ကျွေးရမည်ဖြစ်ပြီး မွေးဖွားပြီး နာရီဝက်အတွင်း မိခင်နို့ဦးရည် တိုက်ကျွေးရမည်ဖြစ်သည်။ နို့ဦးရည်သည် ရောဂါများကိုကာကွယ်နိုင်စွမ်းရှိသည်။ အာဟာရစုံနှုန်းပြည့်သည်။ မိခင်နို့တိုက်ကျွေးခြင်းကြောင့် မိခင်သည်သားဆက်ခြားခြင်း၊ သားမြတ်နှင့် သားဥအိမ်ကင်ဆာ ကာကွယ်နိုင်ခြင်း၊ မိသားစုကုန်ကျစရိတ်သက်သာခြင်း၊ အခြားကလေးများအတွက် အချိန်ပိုပေးနိုင်ခြင်းနှင့် စိတ်ရောကိုယ်ပါကြံ့ခိုင်သော ကလေးများရရှိစေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်သည်။

မိခင်နှင့်ကလေးကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်ရာ၌ ပြည်သူလူထုအခြေပြု ကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှုဖြင့်လည်း ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဆောင်ရွက်လျက်ရှိသည်။ မိခင်တိုင်း၊ မိသားစုဝင်တိုင်းသည် အလေးထားလိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မိခင်နှင့်မွေးကင်းစကလေးများကို ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ပညာပေးခြင်း၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုပေးခြင်း၊ ပိုးမွှားသန့်စင်သောနည်းဖြင့် စနစ်တကျမွေးဖွားပေးခြင်း၊ မွေးပြီးမိခင်စောင့်ရှောက်မှုပေးခြင်း၊ ငါးနှစ်အောက်ကလေးစောင့်ရှောက်ပေးခြင်း၊ မိခင်နှင့်ကလေးအာဟာရ ဖွံ့ဖြိုးရေးဆောင်ရွက်ပေးခြင်းနှင့် ကာကွယ်ဆေးထိုးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ မိခင်များသည် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ဝိုင်းဝန်းပါဝင် ဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုဂုဏ်ပြု

နတ်တလင်း၌ ကတ္တရာလမ်းသစ်ဖွင့်

နတ်တလင်း ဖေဖော်ဝါရီ ၄

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော မြို့တွင်းတာပွန်လမ်း ကတ္တရာထပ်ပိုးလွှာလမ်းဖွင့်ပွဲကို ဇန်နဝါရီ ၂၇ ရက်က အဆိုပါမုခ်ဦး၌ကျင်းပရာ ကတ္တရာလမ်းနှင့် ပတ်သက်သောအချက်အလက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးဉာဏ်စိုးက ရှင်းလင်းတင်ပြပြီး လမ်းဖွင့်ပွဲ အထိမ်းအမှတ်အလံကို တာဝန်ရှိသူများက ပေးအပ်သည်။ **(အပေါ်ပုံ)**

ဆောင်ရွက်

ထို့နောက် ကတ္တရာလမ်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မော်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါ မြို့တွင်းတာပွန်လမ်း ကတ္တရာထပ်ပိုးလွှာလမ်းမှာ အရှည်ပေ ၁၂၀၀၊ အကျယ် ၁၂ ပေရှိပြီး နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၈၉ သိန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန် ပညာရေးတက္ကသိုလ် (၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို တက္ကသိုလ်များခမ်းမ၌ ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီက ကျင်းပရာ ပညာရေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာလွင်လွင်စိုးက မြတ်ဆရာတို့၏ ဂုဏ်ကိုရည်စူး၍ ပြောကြားသည်။ ပူဇော်ပွဲကော်မတီဥက္ကဋ္ဌ ဦးအုန်းမြင့် **(အပေါ်ပုံ)**က ပူဇော်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပူဇော်ကန်တော့

ထို့နောက် ကျောင်းသားကျောင်းသူဟောင်းများက အသက် ၈၅နှစ်အထက် မြတ်ဆရာများကို ငွေကျပ်တစ်သိန်းခုနစ်သောင်း၊ အသက် ၇၅ နှစ်မှ ၈၄ နှစ်အထိ ငွေကျပ်တစ်သိန်းသုံးသောင်း၊ အသက် ၆၀မှ ၇၄နှစ်အထိ ငွေကျပ်ရှစ်သောင်းခွဲစီဖြင့် အလှူငွေကျပ် စုစုပေါင်း ၂၆၄သိန်းငါးသောင်းကို လှူဒါန်းသည်။ ပူဇော်ပွဲရန်ပုံငွေမှ ပညာရေးတက္ကသိုလ်တွင် အသုံးပြုရန် ကွန်ပျူတာနှစ်လုံးကိုလည်း လှူဒါန်းပြီး ပူဇော်ကန်တော့ကြသည်။

ပေးအပ်

မြတ်ဆရာများကိုယ်စား ဆရာဆရာမကြီး လေးဦးတို့က ဩဝါဒစကားပြောကြားပြီး ကမ္ဘောဇဘဏ်ကလည်း ငွေကျပ် ၂၆၇သိန်းကို ဆရာဆရာမကြီးများအား ပူဇော်ကန်တော့ရန် ဖြစ်မြောက်ရေးကော်မတီသို့ ပေးအပ်သည်။

ပူဇော်ပွဲတွင် (၁၉၇၄)ပညာရေးဘွဲ့ရသူများက ပညာရေးတက္ကသိုလ်တက်ရောက်နေသည့် ကျောင်းသားကျောင်းသူ ၂၆ဦးအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွင်း ပညာသင်ဆုငွေကျပ်သိန်း ၂၀ ချီးမြှင့်ပြီး ပြင်ပအလှူရှင် သုံးဦးကလည်း ကွန်ပျူတာနှစ်စုံနှင့် ငွေကျပ်နှစ်သိန်းကိုလှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(ပညာရေး)**

ဗဟန်းမြို့နယ် အမှတ် (၂၁) အခြေခံပညာ မူလတန်းကျောင်း ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၉ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းဝင်းက တတိယတန်းမှ စာပေဘာသာရပ်ထူးချွန် ပထမဆုရ မထူးထူးမြတ်နိုင်အား ဆုချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

ဘွဲ့လွန်လူမှုရေးပညာဒီပလိုမာ ကျောင်းသားများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနတွင် ဖွင့်လှစ်ထားသော ဘွဲ့လွန်လူမှုရေးပညာ ဒီပလိုမာ ကျောင်းသား ကျောင်းသူများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၈နာရီခွဲတွင် တက္ကသိုလ်များခမ်းမ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေများကို ဒေါက်တာ သောင်းကြည် ဖုန်း- ၅၃၇၃၇၅၊ ဒေါက်တာ ချိုချိုစမ်း ဖုန်း- ၅၃၇၃၇၅၊ ဦးအောင်သန်းဝင်း ဖုန်း- ၀၉-၄၉၂၅၇၀၃၂၊ ဦးစံလှ ဖုန်း- ၇၃၀-၄၈၇၃၇၊ ဒေါက်တာကေသီကျော် ဖုန်း- ၀၉-၅၀၈၀၁၉၅၊ ဦးညွန့်ဝင်း ဖုန်း- ၀၉-၅၁၅၁၉၀၇ နှင့် ဦးမင်းလွင် ဖုန်း- ၀၉-၂၀၄၅၄၈၆ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရှိရသည်။ *(မြန်မာ့အလင်း)*

ဈေးကွက်မြှင့်တင်မှုဆိုင်ရာ လက်တွေ့အသုံးချ သင်တန်းများဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၄

Green World-Academy of Marketing က လုပ်ငန်းခွင်ရှိ လက်တွေ့အသုံးချ ဈေးကွက်မြှင့်တင်မှုဆိုင်ရာ သင်တန်းများနှင့် လက်လီလုပ်ငန်းစီမံခန့်ခွဲမှု သင်တန်းများကို ဖေဖော်ဝါရီ ၇ ရက်တွင် စတင်၍ တစ်ပြိုင်တည်း ဖွင့်လှစ်သွားမည်ဖြစ်သည်။

ဈေးကွက်မြှင့်တင်မှု ဆိုင်ရာ သင်တန်းများတွင် ဈေးကွက်ဖော်ဆောင်မှုဆိုင်ရာ အခြေခံမှစ၍ ဈေးကွက် ဖော်ဆောင်မှုဆိုင်ရာ အသုံးချနည်းဗျူဟာများနှင့် ဈေးကွက်ထိုးဖောက်မှု ပုံစံများစသည့် နည်းလမ်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ဆောင်နိုင်စေရန်ရည်ရွယ်၍ သင်ကြားမည်ဖြစ်သည်။ လက်တွေ့အသုံးချ လက်လီလုပ်ငန်းစီမံခန့်ခွဲမှု သင်တန်းတွင်လည်း လက်လီလုပ်ငန်းတစ်ခုလုံးကို အခြေခံမှစ၍ လုပ်ငန်းတစ်ခုလုံး အောင်မြင်စွာ စီမံခန့်ခွဲ အုပ်ချုပ်နိုင်စေရန် လက်လီလုပ်ငန်း နည်းဗျူဟာများကို သင်ကြားပေးသွားမည်ဖြစ်သည်။

သင်ကြားမည့် ဘာသာရပ်များမှာ Practical Retail Management, Marketing Funda mental, Integrated Marketing Communication, Consumer Behaviour တို့ဖြစ်သည်။

သင်ကြားပို့ချ

သင်တန်းများကို စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်နိုင်ပြီး သင်တန်းကာလမှာ ၁၆ နာရီ ဖြစ်၍ ရုံးဝန်ထမ်းများ လွယ်ကူစွာ သင်ကြားနိုင်မည့် အချိန်များကို စီစဉ်ထားသည်။ သင်တန်းကို နိုင်ငံတကာအတွေ့အကြုံ၊ လုပ်ငန်းဆိုင်ရာအတွေ့အကြုံနှင့် ပညာရပ်ဆိုင်ရာ အတွေ့အကြုံရှိ သင်တန်းဆရာများက ဦးစီး၍ စနစ်တကျ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများ Green World-Academy of Marketing အမှတ် (၃၈၈/၃၉၈) လေးလွှာ ရိုးမဘဏ် အလုံဘဏ်ခွဲ အဆောက်အအုံ အပေါ်ထပ် ဖုန်း ၀၁-၂၂၇၀၃၂ နှင့် ၇၃၁၁၄၅၀၈ တို့သို့ အသေးစိတ်ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မီးကိုသတိ
မြဲထားရှိ
စောင့်ကြည့်နေပါ
သင့်ဝန်တာ

** **ရှေ့ဖုံးမှ***

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အစုအဖွဲ့အသီးသီးက ရွေးချယ်တင်မြှောက်ပေးခဲ့သည့် ဒုတိယသမ္မတများအား နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှုရှိ၊ မရှိ စိစစ်ရေးအဖွဲ့က စိစစ်ရာ ပြည့်စုံမှုရှိသည်ကို တွေ့ရှိရကြောင်း ကြေညာသည်။

ဆန္ဒမဲပေး

၎င်းနောက် သမ္မတရွေးချယ်တင်မြှောက်ရေး အဖွဲ့ဝင်များသည် နိုင်ငံတော် သမ္မတလောင်းများ ဖြစ်ကြသော ဒုတိယသမ္မတ သုံးဦးအနက်မှ တစ်ဦးအား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ် တင်မြှောက်နိုင်ရန် ပြည်ထောင်စုလွှတ်တော် နာယက အပါအဝင် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များ ရှေ့မှောက်၌ ဆန္ဒမဲလက်မှတ်ဖြင့် လျှို့ဝှက်ဆန္ဒမဲပေးကြသည်။ ထိုသို့ဆန္ဒမဲပေးရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့် ဒုတိယနာယကတို့သည်လည်း သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များနှင့်အတူ ဆန္ဒမဲပေးကြသည်။

ဆန္ဒမဲများကို ရေတွက်စဉ်။ (သတင်းစဉ်)

ဆန္ဒမဲကြေညာ

ဆန္ဒမဲပေးပြီးနောက် ဆန္ဒမဲပုံးများကို သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များ ရှေ့မှောက်၌ ဖွင့်လှစ်ပြီး သက်ဆိုင်ရာနည်းဥပဒေများနှင့်အညီ စိစစ်ရေတွက်သည်။ ဆန္ဒမဲများကို ရေတွက်ပြီး ပယ်မဲအဖြစ်ဆုံးဖြတ်သတ်မှတ်သည့် ဆန္ဒမဲများကို ကြေညာရာ ပယ်မဲစုစုပေါင်း ငါးမဲဖြစ်သည်။

ထို့နောက် ဒုတိယသမ္မတများ ရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် အမည်စာရင်းကို ပုံစံ(၁၅)တွင် ဖြည့်စွက်၍ စိစစ်ရေးအဖွဲ့ဝင်အားလုံးက လက်မှတ်ရေးထိုးမှတ်တမ်းတင်ကြပြီး ပြည်ထောင်စုလွှတ်တော်နာယက က အတည်ပြု လက်မှတ်ရေးထိုးသည်။ ယင်းနောက် လွှတ်တော်နာယက က သမ္မတလောင်း တစ်ဦးချင်းရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် အမည်စာရင်းကို ကြေညာရာ ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးသိန်းစိန်က ထောက်ခံဆန္ဒမဲ ၄၀၈ မဲ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့မှ သီဟသူရ ဦးတင်အောင်မြင့်ဦးက ထောက်ခံဆန္ဒမဲ ၁၇၁ မဲ၊ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာ စိုင်းမောက်ခမ်း (ခ) မောင်အုန်းက ၇၅ မဲ အသီးသီးရရှိကြသည်။

ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့် ထောက်ခံဆန္ဒမဲ အများဆုံးရရှိသည့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့မှ ဦးသိန်းစိန်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ကြေညာစဉ်။
(သတင်းစဉ်)



ရွေးချယ်တင်မြှောက်

ထို့ကြောင့် လွှတ်တော်နာယကက ထောက်ခံဆန္ဒမဲ အများဆုံး ရရှိသည့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အစုအဖွဲ့မှ ဦးသိန်းစိန်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ကြေညာသည်။

ဒုတိယသမ္မတများ

ဆက်လက်၍ သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာ စိုင်းမောက်ခမ်း(ခ) မောင်အုန်းတို့အား ဒုတိယသမ္မတများအဖြစ် ကြေညာသည်။ ***စာမျက်နှာ ၄ ကော်လံ ၃ သို့***

ဆန္ဒမဲပေး

ပြည်ထောင်စု လွှတ်တော်နာယက ဦးခင်အောင်မြင့် ဆန္ဒမဲပေးစဉ်။ (သတင်းစဉ်)

တက်ရောက်

ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၅-၂-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	အောင်တော်မူ စောမင်းနောင်၊စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေး တင့်အောင်
၇:၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈:၀၅	၆။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၁၀	၇။	ကဗျာပန်းဥယျာဉ်
၈:၂၀	၈။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၈:၃၀	၉။	(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၀	၁၀။	International News
၈:၄၅	၁၁။	Local Talent

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၁:၂၀	၃။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၄၅	၄။	တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၃၅	၅။	Yan Can Cook
၁၂:၅၅	၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၁၃)
၁၃:၄၅	၇။	**မဟော်သဓာ** (အပိုင်း-၁၈) ဖိုးသောကြာ၊အားသစ်၊ နဒီဝင့်နိုင်၊ပပစိုးကြည် (ဒါရိုက်တာ-စန္ဒရားသန်းဇော်)
၁၄:၁၅	၈။	ရုပ်မြင်သံကြားဇာတ်လမ်း **ပိုင်နိုင်ခိုင်မြဲအောင်** ခန့်စည်သူ၊ထွန်းထွန်းဝင်း၊ မျိုးစန္ဒီကျော်၊ငွေစင်သွန်း၊ သူသူဟံသာ (ဒါရိုက်တာ-သက်တင်)
၁၄:၅၀	၉။	International News

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	တေးဂီတအစီအစဉ်
၄:၂၀	၃။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၄:၃၀	၄။	ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ် ဒုံမင်း ဆန်းတင့်၏ ဒုံမင်းလက်သံ
၄:၄၅	၅။	၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ဓာတုဗေဒဘာသာရပ်)
၅:၀၅	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၁၀	၇။	(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅:၂၀	၈။	International Science News
၅:၃၀	၉။	ချစ်စရာ့အရွယ်ကစားကြမယ်
၆:၀၀	၁၀။	ညနေခင်းသတင်း
၆:၁၅	၁၁။	မိုးလေဝသအခြေအနေ
၆:၂၀	၁၂။	အလှရှာမယ် လှကမ္ဘာဝယ်
၆:၃၅	၁၃။	ယဉ်တစ်ကိုယ်မယ် (သက်သခင်)
၇:၀၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **စမ်းရေပမာ** (အပိုင်း-၁၉)
၈:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၉၆)
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **ကွန်ဖူးချစ်သူ** (အပိုင်း-၃)
	၂၀။	ဂီတတံခါးလေးဖွင့်ပါဦး

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။
(သတင်းစဉ်)

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များ ဒုတိယသမ္မတ သုံးဦးအနက်မှ တစ်ဦးအား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်နိုင်ရန် ဆန္ဒမဲပေးကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကျောင်း ရှစ်မိုင် မရမ်းကုန်း အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ယခင်ပြည်ထောင်စု အထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ၁၀၆လမ်း အမှတ် (၂၄-ဒီ) ဆရာကြီးဦးတိုးအောင်၏ နေအိမ်၌ ကျင်းပမည်ဖြစ်ရာ ဆရာဟောင်းများ၊ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဗိုလ်မှူးကြီးဇဟိန်း(ငြိမ်း) ဖုန်း-၆၆၀၇၃၁၊ ဗိုလ်မှူးမောင်သိန်း(ငြိမ်း) ဖုန်း-၅၇၂၀၁၅၊ ဦးဘညွန့်ဦး ဖုန်း-၆၈၄၇၆၁၊ ဦးထွန်းမြင့် ဖုန်း-၀၅၆-၂၁၄၇၃၊ ဦးအေးဖေ ဖုန်း-၃၇၉၆၄၇၊ ဒေါက်တာအေးဖေ ဖုန်း-၆၆၂၉၆၇၊ ဦးဝင်းကြည် ဖုန်း-၅၇၃၁၉၀ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နက္ခတ်ဗေဒင် မင်္ဂလာအခါပေး ပြက္ခဒိန်အချို့တွင် မိဿရာသီကူးပြောင်းချိန် ကွဲလွဲဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့က ထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၄

မြန်မာသက္ကရာဇ် ၁၃၇၂ ခုနှစ် အတွက် ထုတ်ဝေသော နက္ခတ်ဗေဒင် မင်္ဂလာအခါပေး ပြက္ခဒိန်အချို့တွင် ပြက္ခဒိန်တစ်ခုနှင့်တစ်ခု မိဿရာသီကူးပြောင်းချိန် တူညီမှုမရှိဘဲ ထုတ်ဝေခဲ့ကြသည့်အလျောက် မိဿရာသီကူးပြောင်းခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုများ ရှိခဲ့ကြသည်ကို စိစစ်တွေ့ရှိရသည်။

လက်ကိုင်ပြု

ရှေးပညာရှင် ရဟန်းတော်များနှင့် ပညာရှိ လူပုဂ္ဂိုလ်အဆက်ဆက်တို့က အဆင့်ဆင့်တွက်ချက်ပြီး စိစစ်အတည်ပြုထားသော တွက်ရိုးပညာရပ်များကို အခြေခံရေးဆွဲထားသည့် မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့၏ မူမှန်ပြက္ခဒိန်ကို တညီတညွတ်တည်း လက်ကိုင်ပြု၍ ရေးဆွဲတွက်ချက်ဖော်ပြခြင်းဖြင့် မိဿရာသီကူးပြောင်းချိန် ကွဲလွဲခြင်းများနှင့် အခြားကွဲလွဲချက်များ ဖြစ်ပေါ်စေနိုင်မည် မဟုတ်ပေ။

ထုတ်ပြန်ထား

သို့ဖြစ်၍ နက္ခတ်ဗေဒင်မင်္ဂလာအခါပေး ပြက္ခဒိန်ထုတ်ဝေသူ အသီးသီးအနေဖြင့် မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့၏ မူမှန်ပြက္ခဒိန်ကိုသာ လက်ကိုင်ပြု၍ တွက်ချက်ရေးဆွဲ ထုတ်ဝေကြရန်နှင့် ယင်းသို့ထုတ်ဝေရာတွင်လည်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့၏ စိစစ်မှုကိုခံယူပြီးမှသာ ထုတ်ဝေဖြန့်ချိရန် ဖြစ်ကြောင်း မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့က ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ အစည်းအဝေးပြီးဆုံးကြောင်းနှင့် ပြည်ထောင်စုလွှတ်တော် ဒုတိယနေ့ အစည်းအဝေးကို ၂၀၁၁ခုနှစ် ဖေဖော်ဝါရီ ၈ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၅-၂-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၂၀ ၅။ ဓမ္မပူဇာတေး
၇:၂၅ ၆။ မျိုးချစ်တပ်မတော်
၇:၃၀ ၇။ မြန်မာ့ရှုခင်း
၇:၄၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇:၅၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁:၁၀ ၃။ နိုင်ငံတော်သီချင်း
၁၁:၂၀ ၄။ အဖွင့်သီချင်း
၁၁:၂၅ ၅။ မျိုးချစ်တပ်မတော်
၁၁:၃၀ ၆။ ကာတွန်းအစီအစဉ် **ချစ်မိတ်ဆွေဗလကြီး** (အပိုင်း-၂၇)
၁၂:၀၀ ၇။ ရုပ်မြင်သံကြားဇာတ်လမ်း **ပျော်ပါရစေ** လွင်မိုး၊ နဝရတ်၊ မြတ်ကေသီအောင် ဒါရိုက်တာကိုဇော်(အရုဏ်ဦး)
၁၃:၃၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၁၄:၀၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၃၈)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၁၀ ၃။ နိုင်ငံတော်သီချင်း
၄:၁၃ ၄။ အဖွင့်သီချင်း
၄:၁၅ ၅။ မျိုးချစ်တပ်မတော်
၄:၂၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄:၂၅ ၇။ ကုန်သွယ်သုတ
၄:၃၀ ၈။ ကြိုတင်တားဆီးရန်သူမီး
၄:၄၅ ၉။ ၂၀၁၁ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်ခန်းစာ (ဓာတုဗေဒ)
၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၄၀ ၁၁။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၄။ **စားဖိုဆောင်ချစ်သူ**
၆:၅၀ ၁၅။ ထူးခြားဆန်းပြားကမ္ဘာ့တစ်လွှား
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း-၅၃)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ လူရွှင်တော်စကား
၂၂။ လျှပ်တစ်ပြက်
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဘတစ်ပြန်ကျားတစ်ပြန်** (အပိုင်း-၈)
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၂၅)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၂-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **ဗောဇ္ဈင်္ဂသုတ်** တရားတော် (အပိုင်း-၈) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၅)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၂၂)
၈:၄၀ လပြည့်ဝန်းသို့ တမ်းချင်းည Live Show (Part-6)
၉:၁၅ အလှပန်းတစ်ပွင့် ဖူးပွင့်လေပြီ မုန်းဝန်းဒေသဆီ
၉:၃၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၀၀ နှင်းရည်သန့်နှင့် စိမ်းလဲ့လဲ့တို့၏ တေးစီးရီးမိတ်ဆက်
၁၀:၂၀ ထူးချွန်သူတို့မွေးဖွားပေးရာ Prestige International
၁၀:၃၅ သွားမယ်စားမယ်
၁၁:၀၅ ပန်းချီပြခန်း (SPECTRUM)
၁၁:၂၅ MNL Preview
၁၂:၁၀ ဘားအံမြို့၏အလှဆုံးနေ့
၁၂:၃၅ အဆင့်မြင့်မြင့်သုံးဖို့ရာ Sweety Life Furniture
၁၂:၅၀ Activities in the City (သာသနနုဂ္ဂဟသုံးထပ်ဗိမာန်တော်ကြီးပန္နက်တော်တင် တွင်းတော်ဝန်းမင်္ဂလာ အခမ်းအနား)
၁:၀၀ **ဗောဇ္ဈင်္ဂသုတ်** တရားတော် (အပိုင်း-၈) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ VJ Choice
၂:၅၅ Activities in the City (LV နည်းပညာနှင့်ဘိလပ်မြေစက်မှုလုပ်ငန်းတိုးတက်ရေး ဆွေးနွေးပွဲ)
၃:၁၅ Kid's Show
၃:၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၂၂)
၄:၄၀ ရွှေမန်းမြေမှရွှေကျင်နိကာယ နှစ် (၁၅၀)ပြည့်အလှူပွဲ
၄:၅၅ ရန်ကုန်မြင်ကွင်းကျယ် (ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ် ၁၉၇၃-၇၇ခုနှစ်ဓာတုဗေဒ/ ကုန်ထုတ်ဓာတုဗေဒကျောင်းသားကျောင်းသူများ၏ပထမ အကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲ)
၅:၂၀ Golas of the Week
၅:၄၀ Movie Talk (အသာမစံအနာခံလူကြမ်းများ) (အပိုင်း-၃)
၆:၀၀ MRTV-4 သတင်း
၆:၂၀ တောင်ပေါ်ကမ္ဘာမှအပန်းဖြေ နားခိုရာများ
၆:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၆)
၇:၂၅ လပြည့်ဝန်းသို့ တမ်းချင်းည Live Show (Part-7)
၈:၀၀ MRTV-4 သတင်း
၈:၃၀ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာငါးဦး၏ လက်ရာ) (အပိုင်း-၁)
၉:၀၅ ဟိုတယ်လမ်းညွှန် (နန်းမြိုင်ဟိုတယ်)
၉:၂၅ FA Cup (Tottenham Vs Bolton)
၁၁:၂၅ သူတို့ပြောတဲ့သူတို့အကြောင်း (မြတ်ကေသီအောင်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၁)
၁၁:၅၅ FA Cup (Wolverhampton Vs Man U)
၁:၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၂၃)
၂:၅၅ Land of Flowers
၃:၂၀ အောင်မြင်ရှင်သန်နေသောရော်ဘာ စိုက်ခင်းရရှိရေးအတွက်ဆောင်ရွက် ရမည့်လုပ်ငန်းများ
၃:၃၀ သဘာဝကပေးသော လက်ဆောင်များ
၃:၃၅ World of Knowledge (Triumph of Life Brain Power)
၄:၂၀ မြန်မာတို့၏စွဲမက်ဖွယ်ရာ ထိုးမုန့်လမုန့်အရသာ
၄:၃၅ မြတ်နိဗ္ဗာန်သို့မျှော်ရည်မှန်း အနာဂါမ်ဆရာသက်ကြီးဝိပဿနာ အဖွဲ့ချုပ်တရားစခန်း
၄:၄၅ တောင်ကြီးမြို့ရဲ့ တုမရှိ လောကချမ်းသာစူဠာမုနိ
၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှု နိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၁၀	Stoke City-Sunderland	ESPN(Live)
၉:၂၅	Newcastle-Arsenal	ESPN (Live)
	Tottenham-Bolton	STAR SPORTS (Live)
၁:၅၅	Wolverhampton- Man U	ESPN (Live)
	Everton-Blackpool	STAR SPORTS (SDD)

မြန်မာပြည်တစ်ဝန်း အများအားဖြင့် သာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၄

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၇ ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး မွန်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံကမ်းခြေအနီးတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ဝါရီ ၅ ရက် ညနေအထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

ဖေဖော်ဝါရီလ ဒုတိယရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ လာမည့် သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာပြီး ရန်ကုန်တိုင်းဒေသကြီးတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ကြိုဆိုနှုတ်ဆက်

ဖေဖော်ဝါရီ ၄ ရက်က ရန်ကုန်မြို့ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး နေအိမ်၌ ကျင်းပသော သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၃) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ညှော်ခံပွဲ အခမ်းအနားသို့ တက်ရောက်လာသော ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းသန်းနှင့် ဇနီးတို့အား သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံး သံရုံး ယာယီတာဝန်ခံ Ms. Nirmala Paranavitana ကြိုဆို နှုတ်ဆက်စဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

အဆိုပါဆွေးနွေးပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့် ဒုတိယအဖွဲ့ခေါင်းဆောင် ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး အမြဲတမ်း ကိုယ်စားလှယ် သံအမတ်ကြီး ဦးဝဏ္ဏမောင်လွင်တို့ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်က မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများနှင့် ပတ်သက်ပြီး နိုင်ငံတကာအသိုက်အဝန်းက နားလည်မှုလွဲမှားနေခဲ့သည်မှာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ ထိုကဲ့သို့ဖြစ်ရခြင်းမှာ ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့် ၄င်းတို့ကိုထောက်ခံနေသည့် နိုင်ငံကြီးများက သတင်းမှားများ၊ ပုံကြီးချဲ့သတင်းများ၊ မမှန်မကန်စွပ်စွဲချက်များကိုသာ တစ်ဖက်သတ်ဖြန့်ချိနေခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ယခုပြုလုပ်မည့် Universal Periodic Review ဆွေးနွေးပွဲသည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များကို နိုင်ငံတကာကသိအောင် ရှင်းပြနိုင်မည့် အခွင့်အရေးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အခြေခံဥပဒေတွင် နိုင်ငံသားများ၏ မူလအခွင့်အရေးများနှင့်ပတ်သက်ပြီး သီးခြားအခန်းဖြင့် ပြဋ္ဌာန်းထားကြောင်း၊ ထိုပြဋ္ဌာန်းချက်များသည် အခြားနိုင်ငံများ၏ အခြေခံဥပဒေများတွင်ပါရှိသည့် ဒီမိုကရေစီစံနှုန်းများ၊ လူ့အခွင့်အရေးစံများနှင့် ထပ်တူဖြစ်ကြောင်း၊ ထို့ပြင် အခြေခံဥပဒေပါ နိုင်ငံသားများ၏ အခွင့်အရေးများကို ရရှိခံစားနိုင်အောင် လိုအပ်သည့်စာချွန်တော်(၅)ခု ထုတ်ဆင့်ခွင့်များကို တရားရုံးများသို့ အပ်နှင်းထားသည့်အပြင် အခြေခံဥပဒေဆိုင်ရာကိစ္စများကို ဆုံးဖြတ်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးကိုလည်း ဖွဲ့စည်းပေးထားကြောင်း၊ ဇန်နဝါရီ ၃၁ ရက်တွင် ပြည်သူများက ရွေးချယ်တင်မြှောက်ထားသည့် ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်အဆင့်ဆင့်တို့ကို ကျင်းပပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အဆင့်ခြောက်နှင့် ခုနစ်ကို ဆက်လက်အကောင်အထည်ဖော်တော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းများကို မြင်တွေ့နေရပြီဖြစ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သည့် ဖြစ်ပေါ်တိုးတက်မှုများ၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုအခြေအနေများကို ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်သုံးသပ်ကြမည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

အနှစ်သာရရှိရှိ

ထို့နောက် မြန်မာအဖွဲ့ရုံး အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဝဏ္ဏမောင်လွင်က မြန်မာနိုင်ငံတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံရွေးကောက်ပွဲကျင်းပခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး မကြာမီက ကျင်းပခဲ့သည့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဖြစ်စဉ်၏ အစခြေလှမ်းများဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီ ဖော်ဆောင်ရေးလုပ်ငန်းများကို မြန်မာနိုင်ငံ၏ ပကတိအရှိတရားများကိုအခြေခံပြီး တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ မကြာမီကျင်းပမည့် လွှတ်တော်အစည်းအဝေးများမှ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအဖွဲ့အစည်းအဆင့်ဆင့်တို့ ပေါ်ထွန်းလာတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန်၊ ခိုင်ခိုင်မာမာနှင့် အနှစ်သာရရှိရှိ ကျင့်သုံးနိုင်တော့မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

လက်တွဲဆောင်ရွက်

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့တွင်ပါဝင်သည့် ဌာနအသီးသီးမှ အဆင့်မြင့်အရာရှိကြီးများက ပညာရေး၊ ကျန်းမာရေး၊ ပြန်ကြားရေး၊ ယဉ်ကျေးမှု၊ တိုင်းရင်းသားအခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေး၊ အကျဉ်းသားများ၏ အခွင့်အရေးများနှင့်ပတ်သက်ပြီး နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ တိုးတက်မှုအခြေအနေများ၊ ထိုလုပ်ငန်းစဉ်များတွင် ပြည်သူများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များက နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

အကြံပြုခဲ့

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်သည့်နိုင်ငံများထဲမှ ၅၇ နိုင်ငံက မြန်မာနိုင်ငံ၏ အပြုသဘောဆောင် ဖြစ်ပေါ်တိုးတက်မှုများကို အသိအမှတ်ပြုပြောကြားပြီး မြန်မာနိုင်ငံအနေဖြင့် ဆက်လက်အကောင်အထည်ဖော်သင့်သည့်လုပ်ငန်းစဉ်များ၊ နိုင်ငံတကာမှ ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်မည့် အချက်များကို အကြံပြုခဲ့ကြသည်။

အားပေးထောက်ခံ

အဆိုပါ ဆွေးနွေးချက်များနှင့်ပတ်သက်ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်က မြန်မာနိုင်ငံ၏ တရားစီရင်ရေးမှုများ၊ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို အပြည်ပြည်ဆိုင်ရာဥပဒေများ၊ ကျင့်ထုံးများ၊ ပြည်တွင်းဥပဒေများ၊ ကျင့်ထုံးများနှင့် နှိုင်းယှဉ်ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံသည် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို အခြေခံဥပဒေပါပြဋ္ဌာန်းချက်များ၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်လျက်ရှိသကဲ့သို့ အနာဂတ်တွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ဇန်နဝါရီ ၁၆ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေးနှင့် အာဆီယံညှိနှိုင်းရေးကောင်စီ အစည်းအဝေးတို့က မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲအပါအဝင် အပြုသဘောဆောင်သည့် တိုးတက်မှုများရှိသဖြင့် ဤတိုးတက်မှုများကို တုံ့ပြန်သောအားဖြင့် မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် ပိတ်ဆို့ဒဏ်ခတ်မှုများကို ရုပ်သိမ်းသင့်သည်ဟု ပြောကြားခဲ့သည်ကို မှတ်တမ်းတင်စေလိုကြောင်း၊ နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံသည် သမိုင်းတွင်မည့် မှတ်တိုင်သစ်တစ်ခုကို စိုက်ထူခဲ့ပြီး ဖြစ်ကြောင်း၊ ကဏ္ဍသစ်တစ်ခုကို ဖွင့်လှစ်ခဲ့ပြီဖြစ်ကြောင်း၊ စာမျက်နှာသစ်တစ်ခု ပြောင်းခဲ့ပြီဖြစ်ကြောင်း၊ ဤအချက်အားလုံးကို အပြုသဘောဆောင်သည့် တိုးတက်မှုများအဖြစ် အသိအမှတ်ပြုပြီး နိုင်ငံတကာ အသိုက်အဝန်းက မြန်မာနိုင်ငံ၏ ပကတိအခြေအနေများကို မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်ကာ မြန်မာနိုင်ငံ၏ ကြိုးပမ်းမှုများကို အားပေးထောက်ခံစေလိုကြောင်း ပြောကြားခဲ့သည်။

ဆွေးနွေးသုံးသပ်

Universal Periodic Review, UPR ဆွေးနွေးပွဲသည် လူ့အခွင့်အရေးကောင်စီ၏လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး ကမ္ဘာ့နိုင်ငံပေါင်း ၁၉၂ နိုင်ငံလုံး၏ လူ့အခွင့်အရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို လေးနှစ်တစ်ကြိမ် ဆွေးနွေးသုံးသပ်သည့်လုပ်ငန်းဖြစ်သည်။ Universal Periodic Review,UPR သည် နိုင်ငံတစ်ခုအပေါ် စွပ်စွဲပြစ်တင်ခြင်း၊ နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ဝေဖန်တိုက်ခိုက်ခြင်းပြုလုပ်သည့် လုပ်ငန်းစဉ် မဟုတ်ဘဲ ကာယကံရှင်နိုင်ငံက မိမိနိုင်ငံတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စများကို တင်ပြပြီး အဖွဲ့ဝင်နိုင်ငံများက ပါဝင်ဆွေးနွေးခြင်း၊ အကြံပြုခြင်းတို့ကို ပြုလုပ်သည့် လုပ်ငန်းစဉ်ဖြစ်သည်။

ပြန်လည်ချေပရှင်းလင်း

ယခုဆွေးနွေးပွဲတွင် နိုင်ငံအများစုက မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် ကျန်းကဏ္ဍအသီးသီးတွင် တိုးတက်ဖြစ်ပေါ်မှုများကို အသိအမှတ်ပြုခဲ့ပြီး စိတ်ရင်းစေတနာမှန်ကန်စွာဖြင့် အကြံပြုခဲ့ကြသော်လည်း အနောက်နိုင်ငံ အချို့ကမူ UPR ၏ စည်းမျဉ်းစည်းကမ်းကို လိုက်နာခြင်းမရှိဘဲ မြန်မာနိုင်ငံအပေါ် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် မမှန်မကန် စွပ်စွဲပြောဆိုမှုများ၊ ဝေဖန်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်ကိုလည်း တွေ့ရသည်။ သို့သော် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မိမိနိုင်ငံ၏ ပကတိအခြေအနေမှန်များကို အဖွဲ့ဝင်နိုင်ငံများ သိရှိအောင် ရှင်းလင်းပြောကြားခဲ့သည့်အပြင် မမှန်မကန် စွပ်စွဲပြောဆိုချက်များကိုလည်း အောင်မြင်စွာ ပြန်လည်ချေပရှင်းလင်းခြင်း၊ ပယ်ချခြင်းများကို ပြုလုပ်နိုင်ခဲ့သည်။

လူ့အခွင့်အရေးကောင်စီ၏ Universal Periodic Review,UPR တွင် နိုင်ငံကြီးငယ်မရွေး၊ နိုင်ငံရေးစနစ်မရွေး အလှည့်ကျပါဝင်ရပြီး တစ်နှစ်လျှင် နိုင်ငံ ၄၈ နိုင်ငံ၏ လူ့အခွင့်အရေးမြှင့်တင်မှုနှင့် ကာကွယ်မှုအခြေအနေများကို သုံးသပ်ဆွေးနွေးကြောင်း၊ ပြီးခဲ့သည့် (၉)ကြိမ်မြောက်အစည်းအဝေးတွင် အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၆ နိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း၊ ယခု (၁၀)ကြိမ်မြောက်အစည်းအဝေးတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၆ နိုင်ငံအပေါ် ဆွေးနွေးခဲ့ကြောင်း၊ အစည်းအဝေးတွင် ဆွေးနွေးခွင့်ရသည့် နိုင်ငံတိုင်းက ၄င်းတို့၏ အကြံပြုချက်များကို တင်ပြခွင့်ရှိကြောင်း၊ သို့သော် UPR အစီရင်ခံစာပါ အကြံပြုချက်များသည် တစ်နိုင်ငံချင်း၏ သဘောထားသာဖြစ်ပြီး လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက်မဟုတ်ကြောင်း၊ ထိုအကြံပြုချက်များသည် ဥပဒေအရ မလိုက်နာမနေရသဘော စည်းနှောင်မှုမရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပဲခူးကြခတ်ဝိုင်း ဆရာတော်ကြီး၏ အန္တိမပူဇာဓမ္မသဘင်နှင့် အန္တိမဈာပန သာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၄

နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ တွဲဖက် ရွှေကျင်သာသနာပိုင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ သီရိမင်္ဂလာကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တဇောတိပါလ ဆရာတော်ကြီး၏ အန္တိမဈာပနပူဇာဓမ္မသဘင်တရားပွဲများကို ပဲခူးမြို့ သီရိမင်္ဂလာကြခတ်ဝိုင်းကျောင်းတိုက်အတွင်း ရာပြည့် ဓမ္မာရုံကြီး၌ ဖေဖော်ဝါရီ ၆ ရက်မှစ၍ ညစဉ် ၇ နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၆ ရက်တွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ ယောဆရာတော်က လည်းကောင်း၊ ၇ ရက်တွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခ မဟာသဒ္ဓမ္မ ဇောတိကဓဇ၊ မဟာဂန္ထဝါစက ပဏ္ဍိတ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ဓမ္မဒူတ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒက လည်း ကောင်း၊ ၈ ရက်တွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ သီတဂူဆရာတော်ကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားများကို ဟောကြားမည်ဖြစ်ပြီး ၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီခွဲတွင် အန္တိမဈာပနပူဇာသဘင် ဆင်ယင်ကျင်းပ၍ မွန်းလွဲ ၁ နာရီတွင် ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်ကို ကြခတ်ဝိုင်းကျောင်းတိုက်မှ ရွှေအောင်ရွှေ စေတီတော်ဘုရားကွင်းသို့ ပင့်ဆောင်ကာ အန္တိမဈာပန သာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၃၁ ရက်က ၂၀၀၉-၂၀၁၀ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို အမက (၂၂)လှိုင်တွင် ကျင်းပရာ သူငယ်တန်းမှ ထူးချွန်ဆု ရရှိသော မောင်ခန့်မင်းဟိန်းအား ဆရာမကြီး ဒေါ်သက်သက်မော် ဆုချီးမြှင့်စဉ်။ (၁၂၈)

ဘင်္ဂလားပင်လယ်အော်ရှိ လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် ဖေဖော်ဝါရီ ၄

ယနေ့ ညနေ ၅ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံကမ်းခြေအနီးတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးသင်တန်း ဓနုဖြူ၌ ဖွင့်

ဓနုဖြူ ဖေဖော်ဝါရီ ၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီက ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မြေစာရင်းဦးစီးဌာန ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်လှိုင်က အမှာစကားပြောကြားပြီး ၂၀၁၀ ခုနှစ် လယ်ယာသန်းခေါင် စာရင်းကောက်ယူမည့်လုပ်ငန်းအစီအစဉ်များကို မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးညွန့်လွင်က ရှင်းလင်းတင်ပြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

MBA သင်တန်းသားများ မိတ်ဆုံစားပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

Myanmar Professional Development Centre က ကြီးမှူး၍ ရန်ကုန်မြို့၌ ဖွင့်လှစ်ထားသော ထိုင်းနိုင်ငံ Assumption University ၏ စီးပွားစီမံခန့်ခွဲရေးမဟာဘွဲ့ Master of Business Administration (MBA) သင်တန်းမှ ပထမအကြိမ်နှင့် ဒုတိယအကြိမ် သင်တန်းသားသင်တန်းသူများ၏မိတ်ဆုံစားပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက် ညနေ ၆ နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ် မြက်ခင်းပြင်၌ ကျင်းပသည်။

နှုတ်ခွန်းဆက်

ရှေးဦးစွာ ထိုင်းနိုင်ငံ Assumption University မှ MBA Program Director, Dr. Ismail Ali Siad **(အပေါ်ပုံ)**နှင့် MBA Director, Mr. Mo Di တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် Myanmar Professional Development Centre မန်နေဂျင်းဒါရိုက်တာဒေါ်ယဉ်ဝင်းသူကကျေးဇူးတင်စကားပြောကြားသည်။

ထိုင်းနိုင်ငံ Assumption University တွင်ဖွင့်လှစ်သည့် Master of Business Administration (MBA) သင်တန်းကို ၂၀၁၀ ခုနှစ် စက်တင်ဘာမှစတင်၍ ရန်ကုန်မြို့ မြန်မာအင်ဖိုတက်ခ်ရှိ Myanmar Professional Development Centre ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

သင်တန်းအောင်မြင်ပါက Assumption University တွင် နှစ်ပတ်ကြာပြုလုပ်မည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်၍ ဘွဲ့ယူနိုင်သည်။

ဖွင့်လှစ်

Myanmar Professional Development Centre နှင့် Assumption University တို့ ပူးပေါင်း၍ အခြား စီးပွားစီမံခန့်ခွဲမှုဆိုင်ရာသင်တန်းများကိုလည်း ယခုနှစ်အတွင်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်သည်။

ဆက်သွယ်မေးမြန်းနိုင်

အသေးစိတ် အချက်အလက်များကို လှိုင်နယ်မြေ မြန်မာအင်ဖိုတက်ခ် အဆောက်အအုံ အခန်း(၁) အဆောင်(၄)ရှိ Myanmar Professional Development Centre ဖုန်း-၅၀၇၀၄၃ နှင့် ၅၀၇၀၄၇ တို့သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရတနာပုံခုံးကျော်တံတားတည်ဆောက်နေမှု တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၄

မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်သည် ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေးရှိ ပရံတော်ချောင်းကူးတံတားလုပ်ငန်းဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး ထိုမှတစ်ဆင့် တိုင်းမှူးသည် ရတနာပုံခုံးကျော်တံတားတည်ဆောက်နေမှုကိုလည်းကောင်း၊ လက်ခုပ်ပင် ချောင်းကူးတံတားတည်ဆောက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ ရန်ကုန်-မန္တလေး မီးရထားလမ်း ခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် သူငယ်တော်ချောင်းကူးတံတားတည်ဆောက်နေမှု အခြေအနေများနှင့် စစ်ကိုင်း-မြစ်ငယ် ဖြတ်လမ်း ခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပူတာအို၌ ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်း

ပူတာအို ဖေဖော်ဝါရီ ၄

ပူတာအိုခရိုင် ဆေးရုံသို့ ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းပွဲကို ဇန်နဝါရီ ၂၇ ရက် မွန်းလွဲ ၁ နာရီက ခရိုင်ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ အဆိုပါ အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးနိုင်လွင်ဦး၊ခရိုင်ဥက္ကဋ္ဌ ဦးလှိုင်ထွန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးလင်းသူမောင်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

လက်ခံ

အခမ်းအနားတွင်တောင်ဥက္ကလာပမြို့နယ် မြင်သာ (၁၀)လမ်းနေ ဦးလှအောင်၊ ဒေါ်ညိုညိုနွဲ့မိသားစု**(အပေါ်ပုံ)**က ငွေကျပ်တစ်သိန်း ငါးသောင်းတန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းရာ ခရိုင်ဆရာဝန် ဒေါက်တာ ခင်မောင်ဌေးကလည်းကောင်း၊ဦးအောင်အောင်(ထူးဖောင်ဒေးရှင်း)မိသားစုက ငွေကျပ် နှစ်သိန်းတန်ဖိုးရှိ ဆေးနှင့် အထောက်အကူပြုပစ္စည်းများ လှူဒါန်းရာမေ့ဆေးအထူးကုဆရာဝန်ဒေါက်တာ ဇော်ဝင်းကလည်းကောင်း၊ အလှူရှင်တစ်ဦးကပေးပို့လှူဒါန်းသော တယ်လီဖုန်း သုံးလုံး၊ ဗီဒီယိုပြစက် နှစ်စုံနှင့် ဆေးရုံရေရရှိရေးအသုံးပြုရန် ငွေကျပ် ၁၀သိန်း တန်ဖိုးရှိ ပစ္စည်းများကို အလှူရှင်ကိုယ်စား ပူတာအိုဆက်သွယ်ရေးစခန်းတာဝန်ခံဦးမျိုးညွန့်ကလှူဒါန်းရာ ပူတာအိုဆေးရုံလက်ထောက်ဆရာဝန် ဒေါက်တာ အေးအေးမွန်ကလည်းကောင်း လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်) သင်းလုံးကျွတ် အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်)၏ (၂၂)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ပရိဝုဏ်အတွင်းရှိ ဝိဇ္ဇာစရဏသမ္ပန္နောမွှောရုံ၌ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများပါတက်ရောက်ကြရန်နှင့်သက်ကြီးပူဇော်ပွဲအတွက် ၂၀၁၀ ခုနှစ်တွင် အသက်(၇၅)နှစ်ပြည့်ပြီးသူ အသင်းဝင်၊ ၎င်းတို့၏ဇနီး/ခင်ပွန်းနှင့် ပညာရည်ချွန်ဆုပေးပွဲအတွက် ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်များတွင် တက္ကသိုလ်ဝင်စာမေးပွဲများ၌ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သားသမီးများနှင့် လှူဒါန်းလိုသူများသည် အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်(ငြိမ်း) ဖုန်း-၀၁-၆၉၉၆၀၂၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုး ဖုန်း-၀၁-၅၃၉၇၃၈၊ အတွင်းရေးမှူး ဒေါက်တာဘိုကြည် ဖုန်း-၀၁-၆၄၇၁၆၃၊ ဘဏ္ဍာရေးမှူး ဒေါ်မိမိခိုင်ဖုန်း-၀၁-၂၄၃၉၉၃၊ တွဲဖက်ဘဏ္ဍာရေးမှူး(၁) ဒေါ်သင်းသင်းမြိုင် ဖုန်း-၀၉-၅၁၅၅၉၁၇ နှင့် တွဲဖက်ဘဏ္ဍာရေးမှူး(၂) ဒေါ်မြင့်မြင့်ဌေး ဖုန်း-၀၉-၅၁၅၀၅၆၉ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ *(မြို့နယ်အသင်း)*

မြင်းမူမြို့မဈေး မီးဘေးလုံခြုံရေးအတွက် မီးသတ်ဦးစီးဌာနနှင့် ဈေးဝန်ထမ်းများ မီးငြိမ်းသတ်ရေး စုပေါင်းလေ့ကျင့်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးဗိုလ်အောင်မောင်မောင်၊ အမှုဆောင်အရာရှိဦးသန်းဇော်၊ မီးသတ်ဦးစီးမှူး ဦးသန်းဝင်းနှင့် ဈေးမိဈေးဖအဖွဲ့များ ကြီးကြပ်ဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

အုတ်တွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် ကျွဲပွဲ-မြို့စိုး ကျေးလက်ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်း ကျောက်စုဆောင်း ထားရှိမှုကို ဇန်နဝါရီ ၁၁ ရက်က ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခိုင်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ရှင်းလင်းတင်ပြစဉ်။ (၃၁၆)

လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း လယ်ဝေးမြို့နယ်၌ ဆင့်ပွားသင်တန်းဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့်မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း မြို့နယ်အဆင့် ဆင့်ပွားသင်တန်းကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉နာရီက လယ်ဝေးမြို့နယ် မြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်လှစ်ပို့ချ

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်လွင်က အမှာစကားပြောကြားပြီးမြို့နယ်မြေစာရင်းဦးစီးဌာနဦးစီးအရာရှိ ဦးအောင်လှိုင်က သင်တန်းနှင့်ပတ်သက်သည့်လုပ်ငန်းများကိုအသေးစိတ်ရှင်းလင်းပြောကြားသည်။ အဆိုပါ အခမ်းအနားကို ရက်သတ္တတစ်ပတ်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရှိရသည်။**(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မြို့ရေပေးရေး ဆောင်ရွက်

ကန်ပက်လက် ဖေဖော်ဝါရီ ၄

ကန်ပက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဖေဖော်ဝါရီ ၁ ရက်က မြို့ရေပေးရေးအတွက် ရေကန်များ နုန်းဆယ် သန့်ရှင်းရေးဆောင်ရွက်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ရွှေနှင့် လက်ထောက်အင်ဂျင်နီယာ ဦးကံလင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ရန်ကုန်မြို့ရှိ ဂျပန်သံရုံးတို့ပူးပေါင်း၍ Industrial Promotion & FDI : Focusing on Small & Medium-Sized Enterprises ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို ဖေဖော်ဝါရီ ၁၈ ရက် (သောကြာနေ့)တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် ၂၉ရှိ UMFCCI Office Tower (ပထမထပ်)ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါဟောပြောပွဲတွင် ဂျပန်နိုင်ငံ ITOCHU AUSTRALIA Corporation, Machinery Division မှ ကိုယ်စားလှယ်ဖြစ်သူ Mr. Tatsuya Hoshino သည် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုးတက်မြင့်မားစေရေးတို့ကို အဓိကထား ဆွေးနွေးတင်ပြမည်ဖြစ်ပြီး အဆိုပါဟောပြောပွဲသို့ တက်ရောက်လိုသူများ UMFCCI(အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးဌာန) ဖုန်း -၂၁၄၃၄၄မှ ၄၉အထိသို့ ဆက်သွယ်၍လည်းကောင်း၊ ကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ် စေလွှတ်၍သော်လည်းကောင်း အမည်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

ပညာရွှေအိုးစာကြည့်တိုက် တနသ်ာရီ၌ဖွင့်

တနသ်ာရီ ဖေဖော်ဝါရီ ၄

တနသ်ာရီမြို့နယ် တမုတ်ချုံး ကျေးရွာအုပ်စု ရေဖြူကျေးရွာရှိ ပညာရွှေအိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီး ဘုန်းမြတ်၊ မြို့နယ် ဥက္ကဋ္ဌ ဦးဘိုဘိုမင်းသိုက်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးတင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် အဆိုပါ စာကြည့်တိုက်ဖွင့်ပွဲတွင် နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ဇော်မင်းနှင့် တာဝန်ရှိသူများက အမှာစကား ပြောကြားကြပြီး မြို့နယ် ဌာနဆိုင်ရာများ ကိုယ်စား မြို့နယ်ဥက္ကဋ္ဌ ဦးဘိုဘိုမင်းသိုက်က စာကြည့်တိုက်အတွက် အလှူငွေကျပ် ၁၁၀၀၀၀နှင့် စာအုပ် စာစောင်များ ပေးအပ်လှူဒါန်းရာ ရေဖြူကျေးရွာ ရပ်မိရပ်ဖ ဦးတင်မင်းနိုင်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ဒိုင်စု ကျေးရွာ အလက (ခွဲ) တွင် ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကျင်းပရာ သူငယ်တန်းမှ တတိယတန်းအထိ ပထမဆုရရှိသော မောင်မင်းမင်းဇော်ကို ကျောင်းအုပ်ကြီး ဦးရွှေဝင်း ဆုချီးမြှင့်စဉ်။

(၁၂၉)

တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး အထောက်အကူပြု ပစ္စည်းများလှူဒါန်း

ပူတာအို ဖေဖော်ဝါရီ ၄

ပူတာအိုမြို့နယ် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး အထောက်အကူပြုပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက် မွန်းလွဲ ၁ နာရီက အထက ပူတာအို ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးလင်းသူမောင် တက်ရောက် အမှာစကား ပြောကြားသည်။

လက်မှတ်ပေးအပ်

အခမ်းအနားတွင် အလှူရှင်များကိုယ်စား ဦးဖုန်ရီမင်က ငွေကျပ် လေးသိန်းတန်ဖိုးရှိ အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးအေးသောင်က လက်ခံယူကာ ဂုဏ်ပြုလက်မှတ်များ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

မြောင်းမြ အထက(၃) မြတ်ဆရာပူဇော်

နေပြည်တော် ဖေဖော်ဝါရီ ၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့ အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်း (ယခင် ကာတိုလိပ်ကျောင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၂၂ ရက် (စနေနေ့)က အဆိုပါ ကျောင်း၌ ကျင်းပရာ အခမ်းအနားတွင် အငြိမ်းစား ဆရာ ဆရာမကြီးများက မြတ်ဆရာပူဇော်ပွဲ မုခ်ဦးဆိုင်းဘုတ်ကို ရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အငြိမ်းစားဆရာ ဆရာမကြီး ၈၄ ဦးတို့အား ကျောင်းသား ကျောင်းသူဟောင်း တပည့်များက ငွေကျပ် တစ်သိန်းစီနှင့် ကန်တော့ပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် အလှူရှင် ရန်ကုန်မြို့မှ ဗိုလ်မှူးကြီးတင်နိုင်ထွန်း (ငြိမ်း)က ကွန်ပျူတာ နှစ်စုံ၊ မြတ်ဆရာပူဇော်ပွဲကျင်းပရေး ကော်မတီက ကျောင်းအဝင်လမ်းမကြီး ပြုပြင်ခဲ့ခြင်းအတွက် ငွေကျပ် သုံးသိန်း လှူဒါန်းခြင်းတို့အတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို ကျောင်းအုပ်ဆရာမကြီး ဒေါက်တာတင်ယုယုအေးက ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ *(သတင်းစဉ်)*

လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေး သင်တန်းဖွင့်

ဖျာပုံ ဖေဖော်ဝါရီ ၄

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ၂၀၁၀ခုနှစ် မြန်မာ့လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း စီမံကိန်းကြီးကြပ်သူများနှင့် စာရင်းကောက်များ (မြို့နယ်အဆင့်) သင်တန်းဖွင့်ပွဲကို ဖျာပုံမြို့နယ် မြေစာရင်းဦးစီးဌာနတွင် ဖေဖော်ဝါရီ ၁ ရက်က ကျင်းပရာ ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးခင်စိုး**(အောက်ဝဲပုံ)**၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ထင်၊ မြို့နယ်မြေစာရင်း ဦးစီးဌာနမှူး ဦးဝင်းကျော်ဖြိုးနှင့် မြို့နယ်စိုက်တိုးမြှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

တက်ရောက်

သင်တန်းသို့ ဖျာပုံမြို့နယ်နှင့် အမာမြို့နယ် မြေစာရင်းဦးစီးဌာနမှ သင်တန်းသားဦးရေ ၃၀ တက်ရောက်ပြီး သင်တန်းကာလမှာရက်သတ္တပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

LIFESTYLES EXPO-2011 တွင် SHINE ဆောက်လုပ်ရေး ပါဝင်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ LIFESTYLES EXPO-2011 ပြပွဲကို ဖေဖော်ဝါရီ ၃ ရက်မှ ၆ ရက်အထိ ပြသလျက်ရှိရာ SHINE Group of Companies မှ အိမ်ရာအရောင်းပြခန်းလည်း ပါဝင်ပြသလျက်ရှိသည်။ **(အောက်ပုံ)**

မိသားစုတိုင်း အိမ်ပိုင်ဆိုင်ရမည့် ရည်ရွယ်ချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များအတွင်းရှိ ကွန်ဒိုတိုက်ခန်းများကို အရစ်ကျ ငွေပေးချေသည့် စနစ်ဖြင့် ရောင်းချပေးလျက်ရှိသည်။ တိုက်ခန်းတစ်ခန်း ဝယ်ယူလိုပါက ငွေကျပ်ငါးသိန်းသာ ယူဆောင်လာရန် လိုအပ်ပြီး ၂၄ နာရီ ရေ၊မီး၊ ဓာတ်လှေကား၊ အင်တာနက်၊ကားရပ်နားရန် နေရာပါရှိသော အဆင့်မြင့်ကွန်ဒို တစ်ခန်း ဝယ်ယူလိုပါက ငွေကျပ် ၁၀ သိန်းသာယူဆောင်လာရန်လိုအပ်သည်။

ဆောင်ရွက်ပေးလျက်ရှိ

အထူးအစီအစဉ်ဖြင့် အဆင့်မြင့်ကွန်ဒို တစ်ခန်း ဝယ်ယူပိုင်ဆိုင်နိုင်ရန်အတွက် ပြပွဲကာလရက်အတွင်း ငွေကျပ် ငါးသောင်းဖြင့် Booking Form ဖြည့်စွက်ပြီး မိမိဝယ်ယူလိုသည့် ကွန်ဒိုတိုက်ခန်းကို နှစ်နှစ်မှ သုံးနှစ်အထိ အရစ်ကျ ငွေပေးချေမှုစနစ်ဖြင့် ငွေပေးသွင်းခွင့်ရရှိနိုင်မည့် အစီအစဉ်များကို ဆောင်ရွက်ပေးလျက်ရှိသည်။

အိမ်ဝယ်မည်ဆိုပါက ရှိုင်းကို သတိရပါဟူသော ဆောင်ပုဒ်နှင့်အညီ ဝယ်ယူအားပေးသည့် မိဘပြည်သူများ စိတ်ကျေနပ်မှုရရှိစေရန် အကောင်းဆုံးဝန်ဆောင်မှုများဖြင့် ကျေးဇူးတုံ့ပြန်လျက်ရှိပြီး SHINE Group of Companies အမှတ်(၂၉)ဂျိုးဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၅၃၄၀နှင့် ဖက်စ်-၂၅၀၄၈၅ သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မီး

သတိပြု

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်



ကျောက်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က အနော်ရထာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ဒီဇင်ဘာ ၁၅ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်စွာလင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမြတ်စိုးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အရာတော်မြို့ သန့်ရှင်းသာယာလှပရေး လမ်းဘေးကပ်တုံးခင်းခြင်းကို ဇန်နဝါရီ ၁၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ခနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးကျော်စွာဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က သံဖြူဇရပ်-အနင်းကျေးလက်လမ်းပေါ်ရှိ ကရပ္ပိလမ်း ကတ္တရာလမ်းသစ်ခင်းခြင်းပြီးစီးမှုကို မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြေပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဦးဥတ္တမလမ်း ကတ္တရာလမ်းတိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇန်နဝါရီ ၂၆ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးမင်းခိုင်ဝင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်တင်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းမင်းထွန်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသက်ထွန်းနှင့် ဒုတိယဦးစီးမှူး (ဈေး) ဒေါ်နီနီချိုတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး (၆၄)နှစ်မြောက် ပြ

ပြည်ထောင်စုအစွန့်ရှည်ရေး ဒို့အရေး

ကိုကိုမောင်ကြီး



ပြည်ထောင်စုအစွန့်ရှည်ရေး ဒို့အရေးဟူသောစကားသည် ပြည်ထောင်စုသားအားလုံးတို့၏ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်မှ ပေါက်ဖွားလာသော ခံယူချက်အခြေခံဖြစ်ပေသည်။

ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံကို ချစ်မြတ်နိုးသော နိုင်ငံသားတိုင်း၏ မျိုးချစ်စိတ်ဓာတ်ကို ဆိုလိုသည်။ ဤနေရာတွင် မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ တိုင်းရင်းသားမျိုးနွယ်အသီးသီးတို့၏ ကိုယ့်အမျိုးကိုချစ်သော စိတ်ဓာတ်လည်းပါဝင်၍ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးကို ချစ်မြတ်နိုးသော စိတ်ဓာတ်လည်းပါဝင်ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် မူလတိုင်းရင်းသားမျိုးနွယ်စုအသီးသီးရှိနေကြသည်။ မြန်မာနိုင်ငံ သမိုင်းတစ်လျှောက်တွင် တိုင်းရင်းသားမျိုးနွယ်စုတို့သည် အေးအတူပူအမျှ ပေါင်းသင်းဆက်ဆံရင်း လောကဓံတရားအမျိုးမျိုးတို့ကို ဖြတ်သန်းခဲ့ရသည်။ မွန်၊ ရှမ်း၊ ဗမာ၊ ရခိုင် စသည့်လူမျိုးတို့သည် မြန်မာ့သမိုင်းအစဉ်အလာကို သယ်ဆောင်ခဲ့ကြသည်။ ချင်း၊ ကချင်၊ ကယားနှင့်ကရင်မျိုးနွယ်စုတို့ကလည်း ကာလဒေသအလျောက် ပူးတွဲပါဝင်ခဲ့ကြပါသည်။

ကုန်းဘောင်ခေတ်နောက်ပိုင်းနှင့် နယ်ချဲ့ဗြိတိသျှ ကိုလိုနီခေတ်တစ်လျှောက်လုံးတွင် မြန်မာဘာသာစကားနှင့် မြန်မာစာသည် တိုင်းရင်းသားပြည်သူအများစု ပြောဆိုသုံးနှုန်းကြသော ဘာသာစကားဖြစ်ခဲ့သည်။ အင်္ဂလိပ်ကိုလိုနီအစိုးရ အုပ်ချုပ်သောကာလတွင် အင်္ဂလိပ်စာသည် ပထမရုံးသုံးစာ စကားဖြစ်ခဲ့ပြီး မြန်မာစာစကားသည် ဒုတိယရုံးသုံး ဘာသာစကားဖြစ်ခဲ့သည်။ ဤသို့အားဖြင့် Burma ကို မြန်မာနိုင်ငံဟူ၍ ခေါ်တွင်ခဲ့ကြသည်။ အင်္ဂလိပ်တို့ကိုယ်တိုင်က ခေါ်တွင်စေခဲ့ကြသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိလာသောအခါ ပြည်နယ်အသီးသီးနှင့်ဒေသအသီးသီးတို့တွင် နေထိုင်သည့်၊ တိုင်းရင်းသားလူမျိုးအားလုံးပါဝင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံဟူ၍ ပေါ်ထွန်းလာခဲ့သည်။

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံဟူသော ဝေါဟာရသည် တိုင်းရင်းသားလူမျိုးများအားလုံးပိုင်ဆိုင်သော ဝေါဟာရဖြစ်လာခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် နှစ်ပေါင်းအတန်ကြာအောင် ပြည်တွင်းရေးပဋိပက္ခများ ဖြစ်ပွားခဲ့သည်မှာ အမှန်ဖြစ်သော်လည်း သက်ဆိုင်ရာခေတ်ကာလအလျောက် နိုင်ငံ၏တာဝန်ကိုယူခဲ့ကြသော အစိုးရအဆက်ဆက်နှင့် တပ်မတော်တို့က ပြည်ထောင်စုကြီး၏အချုပ်အခြာအာဏာကို မဆုံးရှုံးရအောင် ထိရောက်အောင်မြင်စွာ ကာကွယ်နိုင်ခဲ့ကြသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံကြီးသည် ယနေ့ထက်တိုင် ဆက်လက်တည်ရှိနေခဲ့ခြင်းဖြစ်သည်။

ထို့အတူ ပြည်ထောင်စုကြီးအစွန့်ရှည်ရေးသည်တိုင်းရင်းသားမျိုးနွယ်စုအသီးသီးပါဝင်သော မြန်မာနိုင်ငံသားအားလုံး၏ ထာဝရတာဝန်ကြီး ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်ကြရာတွင် တိုင်းရင်းသားမျိုးနွယ်စုအားလုံး အချိုးကျကျ တက်ညီလက်ညီ အေးအတူပူအမျှ ဆောင်ရွက်ကြမှသာလျှင် ဖြစ်မြောက်အောင်မြင်နိုင်စရာရှိသည်။ အဘယ်ကြောင့်ဆိုသော် ပြည်ထောင်စု၏ သယံဇာတပစ္စည်းများကို ထုတ်လုပ်ရယူခြင်း၊ အကျိုးဖြစ်ထွန်းအောင် လုပ်ကိုင်ဆောင်ရွက်ခြင်းတို့သည် ပြည်ထောင်စုအတွင်းတွင်ရှိသော တိုင်းရင်းသားမျိုးနွယ်စုတစ်စုတည်းနှင့် လုပ်ဆောင်၍ မအောင်မြင်နိုင်။ မျိုးနွယ်စုအားလုံး တစ်ဦးကိုတစ်ဦး အမှီပြုပြီး ပူးတွဲလုပ်ဆောင်မှသာ အောင်မြင်နိုင်ပေမည်။

ဤသည်မှာ လက်တွေ့ကျသော ဓိဋ္ဌမ္မဘဝဖြစ်သည်။ တိုင်းရင်းသားလူမျိုးတိုင်းသည် မိမိတို့ဒေသအသီးသီး၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြရင်း မိမိတို့ပြောဆိုသော ဘာသာ

ဤသို့ခံယူထားကြမှသာလျှင် ပြည်ထောင်စုတိုင်းရင်းသားမျိုးနွယ်စုအားလုံးပါဝင်သော ပြည်သူအပေါင်းတို့၏ ကောင်းကျိုးအရပ်ရပ်ကို ဆောင်ရွက်နိုင်ကြမည် ဖြစ်ပါသည်။

ပြည်ထောင်စုတိုင်းရင်းသားပြည်သူအပေါင်းတို့၏ ကောင်းကျိုးချမ်းသာ ဖြစ်ထွန်းရေးဆိုသည်မှာ တိုင်းရင်းသားမျိုးနွယ်စုအပေါင်းတို့ စားဝတ်နေမှုဟူသော စီးပွားရေးဖူလုံတိုးတက်မှု၊ ပညာရေးနှင့် ကျန်းမာရေး၊ အဆင်ပြေစွာ ပေါင်းသင်းဆက်ဆံနေထိုင်ရေး၊ မိမိတို့၏ ယဉ်ကျေးမှုဘဝအသီးသီးကို ထိန်းသိမ်းစောင့်ရှောက်ရေး၊ တရားဥပဒေနှင့် ထုံးတမ်းစည်းကမ်းများအတိုင်း အေးချမ်းသာယာစွာ နေထိုင်သွားကြရေး အစရှိသော လူမှုရေးအခြေအနေများ ကောင်းမွန်စွာ ဖြစ်ထွန်းတည်ရှိနေရန်သာ ဖြစ်ပါသည်။

ထိုသို့သော လူနေမှုဘဝ၏ ကောင်းကျိုးချမ်းသာဟူသမျှကို ရရှိခံစားနိုင်ကြရန် ပြည်ထောင်စုတိုင်းရင်းသား ပြည်သူအပေါင်းတို့သည် သမစိတ္တမျှတစွာဖြင့် လက်တွဲပြီး ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

> **ပြည်ထောင်စုမြန်မာနိုင်ငံ၏ တိုင်းရင်းသားမျိုးနွယ်စုအားလုံး အကျုံးဝင်သော အတိတ်ကာလ၏ သမိုင်းစဉ်အခြေအနေသည် မည်သို့ပင် ကောင်းဆိုးနှစ်ထွေရှိခဲ့ကာမူ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီးတစ်ရပ် ပေါ်ထွန်းနေပြီဖြစ်သော ဤယနေ့ကာလ အခြေအနေမျိုးတွင် ပြည်ထောင်စုတိုင်းရင်းသား ပြည်သူအပေါင်းတို့သည် ကျွန်တော်တို့အားလုံး၏ အနာဂတ်ကာလများဆီသို့သာ အကောင်းမြင်ဝါဒကို ခံယူထားသော စိတ်ဓာတ်ဖြင့် မျှော်ခေါ်ရှုမြင်ကြဖို့သာ အရေးကြီးနေပြီဖြစ်ပါသည်။ အဆိုးတွေကို ဖယ်ရှားပြီး အကောင်းတွေကို တွေးမျှော်ကြည့်ရမည်ဖြစ်ပါသည်။**

စကားယဉ်ကျေးမှုနှင့် ထုံးစံဓလေ့များကို ထာဝစဉ် တည်တံ့ခိုင်မြဲအောင် ကြိုးပမ်းသွားကြရမည်မှာ အမှန်ဖြစ်ပေသည်။ တစ်ချိန်တည်းမှာပင် ပြည်ထောင်စုမြန်မာနိုင်ငံကြီးတစ်ခုလုံး၏ ဘုံအကျိုးစီးပွားကိုလည်း ဖြစ်ထွန်းတိုးပွားလာစေရန် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်ထောင်စုကြီးအစွန့်ရှည်ရေးဆိုသည်မှာ ဝါဒဖြန့်နေသော စကားမဟုတ်၊ ပြည်ထောင်စုသားအားလုံး၏ တကယ့်ဘဝအတွက် လိုအပ်ချက်ကြီးလည်းဖြစ်သည်။ ဤအချက်ကို မြန်မာနိုင်ငံသားအားလုံးက အငြင်းပွားစရာမလိုသော ခံယူချက်အဖြစ် လက်ခံကျင့်သုံးကြရလိမ့်မည်။

ထို့ကြောင့် ပြည်ထောင်စုကြီး ပြိုကွဲရာပြိုကွဲကြောင်းဟူသမျှကို လုံးဝမတွေးမကြံဘဲ ထာဝစဉ်ရှောင်ကြဉ်နေရမည်ဖြစ်ပါသည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဆောင်ပုဒ်ကြီး(၃)ရပ်သည် ပြည်ထောင်စုကြီး အစွန့်ရှည်ရေးဟူသော ဝေါဟာရ၌ အကျုံးဝင်ပြီးဖြစ်ကြောင်း တိုင်းရင်းသားအားလုံး၊ နိုင်ငံသားအားလုံးက ခံယူထားကြရမည်ဖြစ်ပါသည်။

ပြည်ထောင်စုတိုင်းရင်းသားများသည် တကွဲတပြားစီ လုပ်ကိုင်နေကြမည်ဆိုပါက ဘယ်နည်းနှင့်မျှ ပြည့်ဝအောင်မြင်နိုင်မည်မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် ပြည်ထောင်စုကြီးတစ်ခုလုံးအတွက် အကျိုးဖြစ်ထွန်းစေမည့် သယံဇာတ၊ ပစ္စည်းအနေအထားအသီးသီးနှင့် စီးပွားရေးလုပ်ငန်းရပ် အသီးသီးတို့သည် တစ်ခုနှင့်တစ်ခု ခွဲခြား၍မရနိုင်ဘဲ အပြန်အလှန် ဆက်စပ်မှီခိုနေကြရသောကြောင့်ဖြစ်သည်။

ပြည်ထောင်စုကြီး တကွဲတပြားစီဖြစ်သွားလျှင် မည်သူမျှ ကောင်းကျိုးချမ်းသာ ရရှိကြလိမ့်မည် မဟုတ်ပါချေ။ အားလုံးပေါင်းစုပြီး မိသားစု တစ်စုတည်းကဲ့သို့ ညီညွတ်စွာလုပ်ကိုင်ဆောင်ရွက်ကြမှသာလျှင် အားလုံးကောင်းကြမည်ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ တိုင်းရင်းသားမျိုးနွယ်စုအားလုံး အကျုံးဝင်သော အတိတ်ကာလ၏ သမိုင်းစဉ်အခြေအနေသည် မည်သို့ပင် ကောင်းဆိုးနှစ်ထွေရှိခဲ့ကာမူ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီးတစ်ရပ် ပေါ်ထွန်းနေပြီဖြစ်သော ဤယနေ့ကာလ အခြေအနေမျိုးတွင် ပြည်ထောင်စုတိုင်းရင်းသား ပြည်သူအပေါင်းတို့သည် ကျွန်တော်တို့အားလုံး၏ အနာဂတ်ကာလများဆီသို့သာ အကောင်းမြင်ဝါဒကို ခံယူထားသော စိတ်ဓာတ်ဖြင့် မျှော်ခေါ်ရှုမြင်ကြဖို့သာ အရေးကြီးနေပြီဖြစ်ပါသည်၊ ... ပြီး အကောင်းတွေကို တွေးမျှော်ကြည့်...

အကောင်းမြင်ဝါဒကို ခံယူကြမှသ... ပြည်သူအပေါင်းတို့သည် အချင်းချင်းယုံ... နေထိုင်နိုင်မည် ဖြစ်ပါသည်။ အကောင်း... ယုံကြည်မှုရှိခြင်းတို့သည် တစ်ခုနှင့်တစ်... ပြုလျက်ရှိသော စိတ်နေသဘောထားကြ... တစ်ဦးနှင့်တစ်ဦး အကောင်းမြင်မှုလည်း... ရရှိကြမည် ဖြစ်ပါသည်။ အချင်းချင်း... အကောင်းမြင်ဝါဒကို ခံယူနိုင်မည်ဖြစ်...

အကောင်းမြင်ဝါဒဟုဆိုရာတွင် ... အားနည်းချက်များ၊ အဆိုးများ၊ အထင်အ... တို့ကို ဖယ်ရှားပြီးသည့်ကာလ၌ မိမိတို့...

ပြည်ထောင်စုကြွေး...

- ဒို့ပြည်ထောင်စု၊ ဖွံ့ဖြိုးမှုတွက် ... ရှေးရှုတည်ဆောက်၊ အံ့ဩလေ... ထွင်းဖောက်တောင်တန်း၊ ရထ... ဖြတ်သန်းမြစ်ကျယ်၊ ပေါင်းကူ... ထည်ဝါခံ့ညား၊ လမ်းတံတား... တိုင်းခြားနိုင်ငံ၊ ကူမခံဘဲ ဉာဏ်ဝီရိယ၊ ဥဿာဟဖြင့် လုံ့လစိုက်ထုတ်၊ ကိုယ်တိုင်လု... ဂုဏ်ပုဒ်ထင်ရှား၊ ရေအားလျှပ်... ဆည်မြောင်းသစ်တို့၊ ဖြစ်တည်... စက်မှုတိုးတက်၊ အကျိုးဆက်ခံ... ဆင်းသက်ဘိုးဘွား၊ မျိုးချစ်များ... ကိုယ့်အားကိုယ်ကိုး၊ ဇာတိမျိုး... သယ်ပိုးဆောင်ကြ၊ အားမာန်... ပြည်ပအားမျိုး ဒို့မကိုး…။
- ဒို့ပြည်ထောင်စု၊ ကြွယ်ဝမှုက ... မြေထု, အဏ္ဏဝါ၊ သယံဇာတ... ပေါ်ကြွယ်လှ၍၊ နေစီးပွား ပြည့်ထွန်းကား၏၊ သားငါး, ... ထွန်းဖြစ်အလျှံ၊ ရေနံ, ဓာတ်... သိုက်မြိုတွေ့လျက်၊ ပေါ်ပြည့်... နီလာ, ပုလဲ ကျောက်မျက်ရွဲနှင့်၊ သံ, ခဲ, ... ရွှေများစု၏၊ ဥတုသုံးလီ ချိန်ခါမှီလျက်၊ ရာသီတစ်လျှေ... ပဲပြောင်းကောက်နှံ၊ ဖြိုးမောက်... တစ်ရံမလပ်၊ ချိန်မပြတ်ပေ စားနပ်ရိက္ခာ၊ ပြည့်စုံပါ၏ ဒို့ဌာနီတိုင်း၊ ဘယ်သူပိုင်း၍ ရိုင်းစိုင်းအကြံ၊ ပိတ်ဆို့ဖန်လည... တန်ပြန်ဂရု ဒို့မမှု…။
- ဒို့ပြည်ထောင်စု၊ လုံခြုံမှုတွက် ပြည်သူ့အင်အား၊ တည်ဆော... ကျောက်သားပကတိ၊ သံမဏိ... မြင့်မြတ်နှလုံးသား၊ ပြည်ထော... ဆွေသားနောင်ရင်း၊ ညီညွတ်ခြ... ရင်းနှီးလက်တွဲ၊ ရွှေလက်မြဲစို့ ရဲမာန်ဆပွား၊ ကြိုးမားစဉ်လာ ဒို့မြန်မာဟေ့ ညီညာရည်တူ အောင်လံထူမည် ဘယ်သူခြောက်ခြောက် ဒို့မ...

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂု...

မောင်အေး...

5-2 (08-09).pmd 1 2/5/2011, 1:24 AM

ရှုမြင်ကြဖို့သာ အရေးကြီးနေပြီဖြစ်ပါသည်။ အဆိုးတွေကို ဖယ်ရှားပြီး အကောင်းတွေကို တွေးမျှော်ကြည့်ရမည် ဖြစ်ပါသည်။

အကောင်းမြင်ဝါဒကို ခံယူကြမှသာလျှင် တိုင်းရင်းသားပြည်သူအပေါင်းတို့သည် အချင်းချင်းယုံကြည်စိတ်ချစွာ ဆက်ဆံနေထိုင်နိုင်မည် ဖြစ်ပါသည်။ အကောင်းမြင်ဝါဒနှင့် အချင်းချင်းယုံကြည်မှုရှိခြင်းတို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန် အမှီပြုလျက်ရှိသော စိတ်နေသဘောထားကြီးတစ်ရပ်ဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦး အကောင်းမြင်မှလည်း အချင်းချင်းယုံကြည်မှု ရရှိကြမည် ဖြစ်ပါသည်။ အချင်းချင်း ယုံကြည်မှုရှိမှလည်း အကောင်းမြင်ဝါဒကို ခံယူနိုင်မည်ဖြစ်ပါသည်။

အကောင်းမြင်ဝါဒဟုဆိုရာတွင် မိမိတို့အချင်းချင်း၏ အားနည်းချက်များ၊ အဆိုးများ၊ အထင်အမြင်လွဲမှားမှုများ စသည်တို့ကို ဖယ်ရှားပြီးသည့်ကာလ၌ မိမိတို့အချင်းချင်း၏ အားသာချက်များ၊ အားသန်ချက်များ၊ ကောင်းကျိုးတွေကို ပြုလုပ်ခဲ့သော အစဉ်အလာများ၊ ကောင်းရာကောင်းကြောင်းကို လုပ်ကိုင်ဆောင်ရွက်တတ်သော အလေ့အကျင့်များ၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်းနှင့် ကောင်းသောယဉ်ကျေးမှု ထုံးတမ်းစဉ်လာများ၊ ပင်ကိုအားဖြင့် ငြိမ်းချမ်းစွာနေထိုင်လေ့ရှိပြီး ကောင်းရာမွန်ရာများကိုသာ ပြုလုပ်ချင်သော စေတနာထားရှိမှုများ အစရှိသော အကောင်းများဘက်သို့သာ မျက်နှာမူလျက် ရှုမြင်နေကြရမည်ဖြစ်သည်။

ဤသို့အားဖြင့် ပြည်ထောင်စုတိုင်းရင်းသားမျိုးနွယ်စု အချင်းချင်းသည် လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချင်းချင်းတို့သည်လည်းကောင်း၊ ပြည်ထောင်စုနိုင်ငံတော်ကြီး၏ တာဝန်ကို ဆောင်ရွက်ခွင့်ရရှိမည့် အစိုးရအဖွဲ့အစည်းအသီးသီးတို့သည်လည်းကောင်း၊ တိုင်းရေးပြည်ရေးနှင့် နိုင်ငံရေးကိစ္စများကို ဆောင်ရွက်ပိုင်ခွင့်ရရှိကြသော နိုင်ငံရေးပါတီအဖွဲ့အစည်းအသီးသီးတို့သည်လည်းကောင်း အကောင်းမြင်ဝါဒကိုခံယူထားပြီး လုပ်ကိုင်ဆောင်ရွက်ဖွယ်ရာ တာဝန်အရပ်ရပ်ကို ဆောင်ရွက်ကြမည်ဆိုပါက ငြိမ်းချမ်းသာယာသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖြစ်ထွန်းလာမည်မှာ ဧကန်မုချ ဖြစ်ပေသည်ဟု ဆိုနိုင်ပါသည်။

မိမိတို့နိုင်ငံသားများ၏ အမှန်တကယ်ရရှိခံစားရမည့် လိုအပ်ချက်များကို ရရှိနိုင်စေရန် အကောင်းမြင်ဝါဒကို အခြေပြုသော၊ အပြုသဘောဆောင်သော စိတ်နေသဘောထားတို့ဖြင့် လုပ်ကိုင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ဤသို့ဆောင်ရွက်သွားနိုင်ကြရန် ကျွန်တော်တို့အားလုံးသည် သည်းခံခြင်း၊ စိတ်ရှည်ခြင်း၊ ဖွဲ့လုံ့လဝီရိယရှိခြင်း၊ သဘောထားကြီးခြင်း အစရှိသော ကောင်းမြတ်သော မနသီစိတ်ထားများကို ထားရှိကြရမည်ဖြစ်ပါသည်။

သို့မှသာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ငြိမ်းချမ်းသာယာဝပြောသော နိုင်ငံတော်ကြီးဖြစ်မည်ဟူ၍ ကျွန်တော် မျှော်လင့်ယုံကြည်မိပါသည်။ ထို့ကြောင့် ပြည်ထောင်စုကြီး အခွန့်ရှည်ရေးကို ထိခိုက်နစ်နာစေမည့် ကိစ္စမှန်သမျှ၊ အကြံအစည်မှန်သမျှ၊ အပြောအဆိုမှန်သမျှ၊ လုပ်ဆောင်မှုမှန်သမျှတို့ကို ထာဝစဉ်ရှောင်ကြဉ်ကြရမည် ဖြစ်ပါသည်။

ငြိမ်းချမ်းသာယာဝပြောသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အခွန့်ရှည်ရေးသည် တိုင်းရင်းသားမျိုးနွယ်စုအားလုံး၏ပင်ရင်းအကျဆုံးသော မဟာအရေးတော်ကြီးပင်ဖြစ်ကြောင်း ခံယူကြရမည် ဖြစ်ပါပေတော့သတည်း။ ။

ပြည်ထောင်စုကြွေးကြော်သံ

- ❒ ဒို့ပြည်ထောင်စု၊ ဖွံ့ဖြိုးမှုတွက်
ရှေးရှုတည်ဆောက်၊ အံ့သြလောက်၏
ထွင်းဖောက်တောင်တန်း၊ ရထားလမ်းနှင့်
ဖြတ်သန်းမြစ်ကျယ်၊ ပေါင်းကူးသွယ်သည့်
ထည်ဝါခံ့ညား၊ လမ်းတံတားတို့
တိုင်းခြားနိုင်ငံ၊ ကူမခံဘဲ
ဉာဏ်ဝီရိယ၊ ဥဿာဟဖြင့်
လုံ့လစိုက်ထုတ်၊ ကိုယ်တိုင်လုပ်၍
ဂုဏ်ပုဒ်ထင်ရှား၊ ရေအားလျှပ်စစ်
ဆည်မြောင်းသစ်တို့၊ ဖြစ်တည်ဖွံ့ဖြိုး
စက်မှုတိုးတက်၊ အကျိုးဆက်ခဲ့
ဆင်းသက်ဘိုးဘွား၊ မျိုးချစ်များမို့
ကိုယ့်အားကိုယ်ကိုး၊ ဇာတိမျိုးဖြင့်
သယ်ပိုးဆောင်ကြ၊ အားမာန်ကြွသည်
ပြည်ပအားမျိုး ဒို့မကိုး…။
- ❒ ဒို့ပြည်ထောင်စု၊ ကြွယ်ဝမှုက
မြေထု၊ အဏ္ဏဝါ၊ သယံဇာတ
ပေါကြွယ်လှ၍၊ ခနစီးပွား
ပြည့်ထွန်းကား၏၊ သားငါး, ကျွန်းသစ်
ထွန်းဖြစ်အလျှံ၊ ရေနံ, ဓာတ်ငွေ့
သိုက်မြိုတွေ့လျက်၊ ပေါပြည့်ရတနာ
နီလာ, ပုလဲ
ကျောက်မျက်ရွဲနှင့်၊ သံ, ခဲ, သတ္တု
ရွှေများစု၏၊ ဥတုသုံးလီ
ချိန်ခါမှီလျက်၊ ရာသီတစ်လျှောက်
ပဲပြောင်းကောက်နှံ၊ ဖြိုးမောက်လျှံ၍
တစ်ရံမလပ်၊ ချိန်မပြတ်ပေ
စားနပ်ရိက္ခာ၊ ပြည့်စုံပါ၏
ဒို့ဌာနီတိုင်း၊ ဘယ်သူဝိုင်း၍
ရိုင်းစိုင်းအကြံ၊ ပိတ်ဆို့ဖန်လည်း
တန်ပြန်ဂရု ဒို့မမှု…။
- ❒ ဒို့ပြည်ထောင်စု၊ လုံခြုံမှုတွက်
ပြည်သူ့အင်အား၊ တည်ဆောက်ထားသည်
ကျောက်သားပကတိ၊ သံမဏိစိတ်ဓာတ်
မြင့်မြတ်နှလုံးသား၊ ပြည်ထောင်ဖွားတို့
ဆွေသားနောင်ရင်း၊ ညီညွတ်ခြင်းဖြင့်
ရင်းနှီးလက်တွဲ၊ ရွှေလက်မြဲစို့
ရဲမာန်ဆပွား၊ ကြီးမားစဉ်လာ
ဒို့မြန်မာဟေ့ ညီညာရည်တူ
အောင်လံထူမည်
ဘယ်သူခြောက်ခြောက် ဒို့မကြောက်…။ ။

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

မောင်အေးငြိမ်း(ဟသ်ာတ)

ပြည်ထောင်စုကြီး တကွဲတပြားစီဖြစ်သွားလျှင် မည်သူမှ ကောင်းကျိုးချမ်းသာ ရရှိကြလိမ့်မည် မဟုတ်ပါချေ။ အားလုံးပေါင်းစုပြီး မိသားစုတစ်စုတည်းကဲ့သို့ ညီညွတ်စွာ လုပ်ကိုင်ဆောင်ရွက်ကြမှသာလျှင် အားလုံးကောင်းကြမည် ဖြစ်ပါသည်။

၂၀၁၁ခုနှစ်၊ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၄) တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၅) နှစ်ပေါင်းထောင်ချီ၍ ဥမကွဲသိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

အင်အား ၆ ဒသမ ၄ အဆင့်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဖေဖော်ဝါရီ ၄

ဖေဖော်ဝါရီ ၄ ရက် ည ၈ နာရီ ၂၆ မိနစ် ၂၄ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၂၀၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (တမူးမြို့၏ အရှေ့မြောက်ဘက် ၃၅မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၄ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်းမပြုစေရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန။

မြောက်ဥက္ကလာပမြို့နယ်နှင့် နတ်မောက်မြို့နယ်တို့၌ မီးလောင်မှုများဖြစ်ပွား

နေပြည်တော် ဖေဖော်ဝါရီ ၄

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သစ္စာပန်းလမ်းရှိ နေအိမ်တစ်အိမ်၌ ဇန်နဝါရီ ၃၁ရက် နံနက် ၀၀ နာရီ ၂၅ မိနစ်ခန့်တွင် ပဲကြော်လုပ်ငန်းမီးဖိုမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် လူနေအိမ်ခုနစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၁၀ စု အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း၊ အလားတူ ဇန်နဝါရီ ၃၁ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ရှမ်းကုန်းကျေးရွာ၌ ထမင်းဟင်း ချက်ပြုတ်ရာမှ မီးစတင်လောင်ကျွမ်းခဲ့သဖြင့် လူနေအိမ် ၁၂ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။ တစ်ဦးတစ်ယောက်၏ ပေါ့ဆမှုကြောင့် မီးလောင်ကျွမ်းမှုများဖြစ်ပွားခဲ့ရာတွင် မသက်ဆိုင်သူများပါဆုံးရှုံးနစ်နာရခြင်းများ ဖြစ်ပေါ်တတ်သဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးကို တစ်ဦးချင်းရော၊ အားလုံးပူးပေါင်း၍ပါ လိုက်နာဆောင်ရွက်ကြပါရန်မီးသတ်ဦးစီးဌာနက သတိပေးထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လှည်းကူးမြို့နယ်၌ တက်နေ့ဝန်းစာကြည့်တိုက်ဖွင့်

လှည်းကူး ဖေဖော်ဝါရီ ၄

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဇီးပင်ဝဲကျေးရွာ၌ တက်နေ့ဝန်းစာကြည့်တိုက် ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၄ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်အေမီဇော်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုလှိုင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးဉာဏ်စိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြသည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

မန္တလေး-လားရှိုးကားလမ်း၌ ယာဉ်တစ်စီးတိမ်းမှောက် ငါးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၄

ရန်ကုန်မြို့မှ ထွက်ခွာလာသော ဘုရားဖူးယာဉ်တစ်စီးသည် ဖေဖော်ဝါရီ ၃ ရက် နံနက် ၇ နာရီခွဲခန့်တွင် ပြင်ဦးလွင်မြို့နယ် ရေသရောက်ကုန်းရွာအနီး မန္တလေး-လားရှိုး ကားလမ်း မိုင်တိုင်အမှတ် (၅၁/၁)၌ အရှိန်လွန်ပြီး တိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်၌ လိုက်ပါလာသည့် ခရီးသည် ၂၀ အနက် အမျိုးသားသုံးဦး၊ အမျိုးသမီး နှစ်ဦးသေဆုံးပြီး အမျိုးသားလေးဦး၊ အမျိုးသမီးတစ်ဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်း၊ ယာဉ်မောင်းမျိုးညွှန့်မှာ တိမ်းရှောင်သွားသဖြင့် ပိတ်ချင်းမြောင်ရဲစခန်းက အမှုဖွင့်ပြီး ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့ကာလတွင် ကားများ၊ လမ်းများ ကောင်းမွန်လာသလောက် ယာဉ်မောင်းများ၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုမှာ အလွန်အားနည်းနေသေးကြောင်း၊ ယာဉ်ကြီးများမှာ အတင်းလုမောင်း၊ အတင်းကျော်တက်ဖြင့် မဆင်မခြင်မောင်းနှင်ကြသည်ကို အများဆုံးတွေ့နေရကြောင်း၊ ယာဉ်များ မဆင်မခြင်မောင်းနှင်ပြီး ယာဉ်တိုက်မှု၊ တိမ်းမှောက်မှုဖြစ်ပွားလျှင်လည်း ၎င်းတို့အနေဖြင့် ခရီးသည်များအား ကူညီဆောင်ရွက်ပေးလိုစိတ်၊ ငဲ့ညှာစိတ်လုံးဝမရှိဘဲ ထွက်ပြေးကြကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောမှုများ နိုင်ငံတစ်ဝန်း ဆောင်ရွက်နေသော်လည်း လိုက်နာမှု အားနည်းနေသေးသည်မှာ အမှန်ဖြစ်ကြောင်းဖြင့် မျက်မြင်သက်သေတစ်ဦးက မှတ်ချက်ပြုပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

နေပြည်တော် ဖေဖော်ဝါရီ ၄

၁။ **ကမ္ဘာတစ်ဝန်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု**

(က) **တိရစ္ဆာန်တွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု။** ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)မှ ထုတ်ပြန်သော သတင်းအရ ၂၀၀၃ ခုနှစ်မှ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်အထိ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသောနိုင်ငံပေါင်း ၆၃ နိုင်ငံရှိပြီး ၂၀၁၁ ခုနှစ်အတွင်း အီဂျစ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့တွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားကြောင်း သိရှိရသည်။

(ခ) **ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်ဖြစ်ပွားမှု။** ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ ထုတ်ပြန်သော သတင်းအရ ၂၀၀၃ ခုနှစ်မှ ၂၀၁၁ခုနှစ် ဖေဖော်ဝါရီ ၂ ရက်အထိ နိုင်ငံ ၁၅ နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ ကူးစက်ဖြစ်ပွားမှု ၅၁၉ ဦးရှိပြီး ၃၀၆ ဦးသေဆုံးကြောင်း သိရှိရသည်။

၂။ **မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု။** မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ လေးကြိမ်ဖြစ်ပွားခဲ့သည်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ဘုမေကျေးရွာအုပ်စုရှိ ဥစားကြက်မွေးမြူရေးခြံတစ်ခြံ၌လည်းကောင်း၊ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် ဗိုလ်မြရပ်ကွက်ရှိ ဥစားကြက်မွေးမြူရေးခြံနှစ်ခြံ၌လည်းကောင်း ကြက်ငှက် တုပ်ကွေးရောဂါဖြစ်ပွားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ရောဂါထိန်းချုပ်ရေး နည်းလမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

၃။ **ရောဂါကာကွယ်ထိန်းချုပ်ရေး။** အောက်ပါအချက်များကို လိုက်နာ၊ ပူးပေါင်းဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) ကြက်ငှက်များကို လူနေအိမ်အနီး မွေးမြူခြင်းမပြုဘဲ သီးသန့်ခွဲခြားမွေးမြူရန်၊

(ခ) ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အလေးထားဆောင်ရွက်ရန်၊

(ဂ) မွေးမြူရေးခြံသုံး ပိုးသတ်ဆေးများ စနစ်တကျ ပက်ဖျန်းရန်၊

(ဃ) ကြက်ငှက်အသေများကို စားသုံးခြင်း၊ ရောင်းချခြင်း၊ စည်းကမ်းမဲ့ စွန့်ပစ်ခြင်း မပြုဘဲ စနစ်တကျ မြေမြှုပ်ဖျက်ဆီးရန်၊

(င) ကြက်ငှက်များ သံသယဖြစ်ဖွယ် သေဆုံးကြောင်း သိရှိပါက နီးစပ်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် တို့သို့ ချက်ချင်းသတင်းပို့ရန်၊

(စ) မွေးမြူရေးခြံလုပ်သားများ လက်အိတ်၊ နှာခေါင်းစည်း ဝတ်ဆင်ရန်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊

(ဆ) ကြက်ငှက်အသား၊ ဥတို့ကို ကျက်အောင်ချက်ပြုတ်စားသုံးရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

နိုင်ငံတကာသတင်းများ

အာဖဂန်မြောက်ပိုင်း၌ လမ်းဘေးဗုံးပေါက်ကွဲ၊ အရပ်သား ငါးဦး သေဆုံး

ကဘူးလ် ဖေဖော်ဝါရီ ၄

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့မြောက်ဘက် ကီလိုမီတာ ၂၅၀ အကွာရှိ ကွန်ဒုဇ်ပြည်နယ်၌ အရပ်ဘက်မော်တော်ယာဉ်တစ်စီး လမ်းဘေးထောင်ဗုံးတစ်လုံး ထိမှန်ပေါက်ကွဲခဲ့သဖြင့် အရပ်သားငါးဦး သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၃ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီက ဂေါ်တီပါ ခရိုင်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ကားအတွင်း လိုက်ပါလာသည့် အမျိုးသားနှစ်ဦးနှင့် ကလေးသုံးဦး သေဆုံးခဲ့ရကြောင်း ပြည်နယ်ရဲအရာရှိ အဗ္ဗဒူလ်ရာမန်ဟတ်တတ်ချ်က ဆင်ဟွာသို့ပြောကြားသည်။

ယင်းဗုံးပေါက်ကွဲမှုကြောင့် (ဝဲပုံ)လူသုံးဦး ထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံတစ်ဦးဖြစ်သည့် မိုဟာမက်အာမန်က ပြောကြားသည်။

ဂေါ်တီပါခရိုင်သည် တာလီဘန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား ဇန်နဝါရီလအတွင်း တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားရာ ဒေသတစ်ခုဖြစ်ကြောင်း ရဲအရာရှိက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဩစတြေးလျ၌ အပူလှိုင်းကျရောက်

ဆစ်ဒနီ ဖေဖော်ဝါရီ ၄

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်တွင် ဖေဖော်ဝါရီ ၄ ရက်က အပူလှိုင်းကျရောက်မှုဖြစ်ပွားရာ လူအများအပြား ဆေးရုံသို့ တင်ပို့ပေးထားရကြောင်း ဩစတြေးလျအရာရှိများက ပြောကြားသည်။

ပြောကြား

အပူလှိုင်း ကျရောက်မှုကြောင့် နယူးဆောက်ဝေးပြည်နယ်တွင် ဒေသခံ ၅၅ ဦး အပူဒဏ်ပြင်းစွာ ခံစားခဲ့ရသဖြင့် ဆေးရုံများသို့ တင်ပို့ခဲ့ရသည်။ အပူလှိုင်း ဆက်လက်ကျရောက်နေမှုကြောင့် ဆေးရုံများသို့ လူနာများ တိုးမြင့်ရောက်ရှိလာနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။ နယူးဆောက်ဝေးပြည်နယ်တွင် အပူချိန် ၄၁ ဒီဂရီစင်တီဂရိတ်မှ ၄၃ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့သဖြင့် မီးလောင်မှုများ ဖြစ်ပွားခဲ့သည်။

မီးသတ်တပ်ဖွဲ့က အမြန်ငြိမ်းသတ်နိုင်ခဲ့ကြောင်း နိုင်ငံအတွင်း မီဒီယာများက ဖော်ပြသည်။

(အင်တာနက်)

မြင့်မောင်စိုး - စုစည်းသည်

သရုပ်ဆောင် လင်ဆေးလိုဟန် ဆွဲကြိုးခိုးမှုဖြင့် စွပ်စွဲခံရ



လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၄

အမေရိကန် နာမည်ကြီး သရုပ်ဆောင် လင်ဆေးလိုဟန်သည် ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်းရှိ စတိုးဆိုင်တစ်ဆိုင်မှ အမေရိကန်ဒေါ်လာ ၂၅၀၀ တန်ဖိုးရှိ ဆွဲကြိုးတစ်ကုံးခိုးယူမှု စွဲချက်ဖြင့် တရားဥပဒေကို ရင်ဆိုင်ရလိမ့်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၃ ရက်က ဒေသဆိုင်ရာမီဒီယာများတွင် ရေးသားဖော်ပြသည်။

အသက် ၂၄နှစ်ရှိ လိုဟန်သည် အဆင့်မြင့်စတိုးဆိုင်ကြီးတစ်ဆိုင်အတွင်းရှိ လက်ဝတ်ရတနာအရောင်းကောင်တာမှ မထွက်ခွာမီ ဆွဲကြိုးကို ခိုးယူခဲ့ကြောင်း လော့စ်အိန်ဂျလိစ်တိုင်း(မ်) သတင်းစာတွင် ဖော်ပြသည်။

ပြောကြား

သူမသည် ယင်းစတိုးဆိုင်အတွင်း ပျောက်ဆုံးသွားသော ဆွဲကြိုးကို ဝတ်ဆင်၍ထွက်သွားသည်ကို တွေ့လိုက်ရကြောင်း စုံစမ်းစစ်ဆေးရေးမှူးများက ဗီဒီယိုမှတ်တမ်းအရ ပြောကြားသည်။ **(အပေါ်ပုံ)** စုံစမ်းစစ်ဆေးရေးမှူးများအနေဖြင့် လင်ဆေးလိုဟန်၏ နေအိမ်တွင်လည်း ရှာဖွေစစ်ဆေးရန် ဝရမ်းရယူထားပြီဟု ဆိုသည်။

စစ်ဆေးခံ

သို့သော် ယင်းစွပ်စွဲချက်မှာ မဟုတ်ကြောင်း လင်ဆေးလိုဟန်က ငြင်းဆိုထားသည်။ သူမသည် သောက်စားမူးယစ်ပြီး အလုပ်သမားတစ်ဦးအား ကားနှင့်ဝင်တိုက်မှုဖြင့်လည်း စုံစမ်းစစ်ဆေးခံနေရသူဖြစ်သည်။

(အင်တာနက်)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး တိုက်ကြီး၌ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ၂၀၁၀ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲကို တိုက်ကြီးမြို့နယ် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနအစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်နှင့် မြို့နယ်မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့်တို့က လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းရပ်များနှင့်ပတ်သက်ပြီး ရှင်းလင်းဆွေးနွေးကြသည်။ **(အပေါ်ယာပုံ)**

တက်ရောက်

အခမ်းအနားသို့ မြို့နယ် ဆည်မြောင်း ဦးစီးအရာရှိ ဦးအောင်ဇော်မင်း၊ သစ်တောဦးစီးအရာရှိ ဦးသန်းဝင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဦးစောဝဏ္ဏ၊ ငါးလုပ်ငန်းဦးစီးအရာရှိ ဦးတင့်အောင်၊ တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဦးစီးအရာရှိ ဦးကျော်ကျော်ဦး၊ မြို့နယ် စက်မှုလယ်ယာဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသောင်းညွှန့်၊ မြန်မာ့လယ်ယာစိုက်ပျိုးရေးဌာန ဒုတိယမန်နေဂျာ ဦးကျော်ငြိမ်းထွန်းနှင့် သင်တန်းသား ၄၃ဦးတို့ တက်ရောက်ခဲ့ကြကြောင်းသိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

လှိုင်သာယာ၌ သင်ထောက်ကူပစ္စည်းများပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က မူကြိုကျောင်းများသို့ သင်ထောက်ကူပစ္စည်းများနှင့် ဝတ်စုံများ ပေးအပ်ပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီက လှိုင်သာယာမြို့နယ် လှိုင်သာယာစက်မှုဇုန် ကနောင်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးက အမှာစကားပြောကြားပြီး မော်ဘီမြို့နယ်အတွက် အသင်းခွဲအသိအမှတ်ပြု ဂုဏ်ပြုလွှာများကို ပေးအပ်ရာ ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးက လက်ခံယူသည်။

ယင်းနောက် လှိုင်သာယာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မြမြအေးက ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သို့ တိုင်းရင်းဆေးများ ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီးမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးက လက်ခံယူသည်။ **(ဝဲပုံ)**

ပေးအပ်

ထို့နောက် ကာလတန်ဖိုး ငွေကျပ် ၅၅သိန်း ခြောက်သောင်း တန်ဖိုးရှိ သင်ထောက်ကူပစ္စည်းများနှင့် ဝတ်စုံများကို ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်း၊ တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးနှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မူကြိုကျောင်းများသို့ ပေးအပ်ရာ မူကြိုကျောင်းများ ကိုယ်စား မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌများက လက်ခံယူခဲ့ကြကြောင်း သိရှိရသည်။

(ဝ၉၇)

စီးပွားရေးဆိုင်ရာ သင်တန်းများဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၄

Strategy First Institute တွင် UK နိုင်ငံ Institute of Commercial Management (ICM) က General Management Diploma များဖြစ်သော Diploma in Business Studies, Advanced Diploma in Business Studies နှင့် Triple Major Diploma ဖြစ်သော Diploma in Marketing, Advertising & Public Relations (MAPR) အတန်းများ ဖွင့်လှစ်မည်ဖြစ်သည်။

သင်ယူနိုင်

Dip in MAPR တွင် International Business Communication, Marketing, Advertising, Public Relations နှင့် Buyer Behaviour & Consumerism ဟူသော Marketing, Communication နှင့် သက်ဆိုင်သည့် ဘာသာရပ် ငါးခုကို ပြည့်စုံစွာ သင်ယူရမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် ပထမဦးဆုံး Triple Major အဖြစ် သင်ယူနိုင်သော Marketing Diploma တစ်ခုဖြစ်သည်။

Diploma in Business Studies တွင် Accounting , Economics for Business, Business Law နှင့် Organizational Behaviour စသော ဘာသာရပ်များ၊ Advanced Diploma in Business Studies တွင် Strategic Management, Marketing Management, Human Resources Management နှင့် Customer Service စသော ဘာသာရပ်များကို သင်ယူရမည်ဖြစ်ပြီး Business Studies အတွက် ဘွဲ့ရပြီးသူများ Advanced Diploma မှစတင်တက်ရောက်နိုင်သည်။

Diploma Level ပြီးသည့်အခါ Advanced Diploma, Graduate Diploma, Post Graduate Diploma များကိုလည်း Strategy First Institute တွင်ပင် ဆက်လက်သင်ကြားနိုင်မည်ဖြစ်သည်။

စီးပွားရေးဘာသာရပ်ကို စိတ်ဝင်စားပြီး ထူးချွန်သူများအတွက် Full Tuition Fees Scholarships ဆုနှစ်ဆုစီစဉ်ထားပြီး အသက် ၁၇ နှစ်မှ ၂၁ နှစ်ကြား တက္ကသိုလ်ဝင်စာမေးပွဲတွင် အနည်းဆုံးဂုဏ်ထူး ငါးခု (သို့မဟုတ်) IGCSE တွင် A ၄လုံး ရရှိထားသူများ လျှောက်ထားနိုင်သည်။

ICM သင်တန်းများကို မတ်လတွင်စတင်ဖွင့်လှစ်မည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အခန်း-၁၀၀၅ ပန်းခြံတာဝါ ဓမ္မစေတီလမ်းနှင့် ဗားကရာလမ်းထောင့် စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၈၁၃၂နှင့်၅၃၈၁၃၅ တို့ထံသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

အထက(၁) ဒလ ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၈ရက်က ကျင်းပရာ စာပေနှင့် ကာယပညာ ဘက်စုံထူးချွန်ဆု ရရှိသော န၀မတန်း(က)မှ မောင်ဝေယံကျော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းရီ ဆုချီးမြှင့်စဉ်။ (ပညာရေး)

သံတွဲမြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

သံတွဲ ဖေဖော်ဝါရီ ၄

သံတွဲမြို့နယ် အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူးကျင်းပသည့် သံတွဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား၊ ကျေးရွာနှင့် ရပ်ကွက်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၇ ရက် ညနေ ၃ နာရီက သံတွဲမြို့ ဒွါရာဝတီအားကစားပြိုင်ကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲ ပွဲစဉ်တွင် ဂျိတ္တောကျေးရွာဘောလုံးအသင်းနှင့် လင်းသာကျေးရွာ ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂျိတ္တောကျေးရွာဘောလုံးအသင်းက လင်းသာကျေးရွာ ဘောလုံးအသင်းကို သုံးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ချီးမြှင့်ပေးအပ်

ဆက်လက်၍ ဆုချီးမြှင့်ပွဲ အခမ်းအနားကိုကျင်းပရာ အကောင်းဆုံး ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်းနှင့် အကောင်းဆုံး ဂိုးသမားဆုများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးလှနိုင်အေးကလည်းကောင်း၊ ဒုတိယဆုရ လင်းသာဘောလုံးအသင်းအား တစ်ဦးချင်းလည်ဆွဲဆုနှင့် ဒုတိယဆု ငွေကျပ် တစ်သိန်းငါးသောင်းတို့ကို ဒုတိယရဲမှူး မြင့်ရွှေကလည်းကောင်း၊ ပထမဆုရ ဂျိတ္တောကျေးရွာ ဘောလုံးအသင်းအား တစ်ဦးချင်းလည်ဆွဲဆု၊ ပထမဆုဖလားကြီးနှင့် ငွေသားဆုငွေကျပ်နှစ်သိန်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်ကလည်းကောင်း ချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ယာပုံ)**

(ခရိုင် ပြန်/ဆက်)

နိုင်ငံရပ်ခြားပညာသင်အကြောင်းဟောပြောမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

နဝရတ်ပညာရေး၏ Education for All အစီအစဉ်အရ နိုင်ငံရပ်ခြားပညာသင် သိကောင်းစရာဟောပြောပွဲကို ဖေဖော်ဝါရီ ၅ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ ရန်ကုန်မြို့ Traders Hotel (ကုန်းဘောင်-တကောင်း)ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းဟောပြောပွဲတွင် ပြည်တွင်း၌ပင် လေ့လာပြီးဖြေဆိုနေကြသော LCCI/ ACCA နှင့် City & Guilds စသော နိုင်ငံရပ်ခြား စာမေးပွဲဌာန (Exam Bodies)များမှ ချီးမြှင့်သည့် ဘာသာရပ်အလိုက် အောင်လက်မှတ်များ၏ ပညာဆက်လက်ဆည်းပူးခြင်းနှင့်လုပ်ငန်းခွင်ဆိုင်ရာ အခွင့်အလမ်းများ၊ နိုင်ငံရပ်ခြားတက္ကသိုလ်၊ ကောလိပ်များသို့ ကိုယ်တိုင်သွားရောက် သင်ယူလိုပါက ပညာရေးဆိုင်ရာ အခြေခံလိုအပ်ချက်များ၊ ယင်းသို့ သင်ယူရာတွင် ကုန်ကျမည့် ငွေကြေးပမာဏများ၊ သင်ယူနေစဉ် အချိန်ပိုင်းအလုပ်လုပ်ခွင့်နှင့် သင်ယူပြီး ရရှိမည့် အလုပ်အကိုင် အခွင့်အလမ်းများ၊ နိုင်ငံရပ်ခြားတွင် အမှန်တကယ်ကြုံတွေ့နေရသော အခြေအနေများ၊ ဘာသာရပ်ရွေးချယ်မှုဆိုင်ရာ အကြံပြုချက်စသည်တို့ကို ဗြိတိန်နိုင်ငံ Wigan & Leigh College မှ ဌာနမှူး Mr. Stuart Boyd နှင့် ဒေါက်တာနေတို့က Education for All အစီအစဉ်ဖြင့် ဖေဖော်ဝါရီ ၅ ရက်(စနေနေ့)တွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ၂၀၁၁နိုင်ငံရပ်ခြားပညာသင် အခွင့်အလမ်းများ ခေါင်းစဉ်ဖြင့် ဟောပြောကြမည် ဖြစ်သည်။

ထို့အပြင် ဗြိတိန်နှင့်အမေရိကန် တက္ကသိုလ်များ၏ သင်ရိုးများဖြင့် နည်းပညာပူးတွဲဆောင်ရွက်ပြီး ပြည်တွင်း၌ ပထမဆုံးစတင်ဖွင့်လှစ်ပို့ချမည့် Noble College အကြောင်းကိုပါ ရှင်းလင်းဟောပြောမည်ဖြစ်ရာ ပညာရေးကို စိတ်ပါဝင်စားသူများအားလုံး(အခမဲ့)တက်ရောက်နိုင်ကြောင်းနှင့် ခုံနေရာအတွက် နဝရတ်ပညာရေး အမှတ် ၈၂(တတိယထပ်)အနော်ရထာလမ်း (၃၉လမ်းထောင့်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၅၀၂၂၅၊ ၂၅၀၁၅၀နှင့် ၀၁-၇၃၀-၄၉၆၁၃တို့ထံသို့ ကြိုတင်စာရင်းပေးသွင်းနိုင်သည်။ *(သတင်းစဉ်)*

စာကြည့်တိုက်ဆောက်လုပ်ရန် ရွှေကူမြို့နယ်၌ ပန္နက်တင်

ရွှေကူ ဖေဖော်ဝါရီ ၄

ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ငါးဘတ်ကြီးကျေးရွာ၌ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မတည်ငွေနှင့် ကျေးရွာနေစေတနာရှင် ပြည်သူများ စုပေါင်းလှူဒါန်းငွေဖြင့် ဆောက်လုပ်မည့် ရောင်နီဦးစာကြည့်တိုက် အဆောက်အအုံသစ် ပန္နက်တင်၊ အုတ်မြစ်စီ အခမ်းအနားကို ဇန်နဝါရီ ၉ ရက် နံနက် ၇ နာရီက အဆိုပါ စာကြည့်တိုက်ပိုင် မြေနေရာ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဆန်းဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးနိုင်နှင့်အတူ စာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီဝင်များ ဖြစ်ကြသော ကျေးရွာဥက္ကဋ္ဌ ဦးချိုဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခင်အောင်နီနှင့် ရပ်မိရပ်ဖ ဦးအောင်သောင်းတို့က သတ်မှတ်နေရာများတွင် နေရာယူကာ မင်္ဂလာအချိန်၌ ပန္နက်တင်၊ အုတ်မြစ်စီပေးကြသည်။

အဆိုပါ စာကြည့်တိုက် အဆောက်အအုံသစ်ကို အလျား ၂၄ ပေ၊ အနံ ၁၄ ပေ၊ ဝရန်တာ ၄ ပေ၊ အမြင့် ၁၂ ပေ၊ နံကပ်၊ သွပ်မိုး၊ သမံတလင်းခင်းဖြင့် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဟသ်ာတမြို့နယ် ပိတောက်လမ်း ကတ္တရာလမ်းသစ်ခင်းလုပ်ငန်းခွင်သို့ ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ဇန်နဝါရီ ၂၃ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်တို့ ရှင်းလင်းတင်ပြစဉ်။(မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး နိုင်ငံတကာအသိုက်အဝန်းက နားလည်မှုလွဲမှားနေရခြင်းမှာ ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့် ၎င်းတို့ကိုထောက်ခံနေသည့် နိုင်ငံကြီးများက သတင်းမှားများ၊ ပုံကြီးချဲ့သတင်းများ၊ မမှန်မကန်စွပ်စွဲချက်များကိုသာ တစ်ဖက်သတ်ဖြန့်ချိနေခဲ့ခြင်းကြောင့်ဖြစ်

မြန်မာနိုင်ငံ၏ အခြေခံဥပဒေတွင် နိုင်ငံသားများ၏ မူလအခွင့်အရေးများကို သီးခြားအခန်းဖြင့်ပြဋ္ဌာန်းထား အခြားနိုင်ငံများ၏ အခြေခံဥပဒေများတွင်ပါရှိသည့် ဒီမိုကရေစီစံနှုန်းများ၊ လူ့အခွင့်အရေးစံများနှင့် ထပ်တူဖြစ်

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့်အဖွဲ့ လူ့အခွင့်အရေးကောင်စီ Universal Periodic Review Working Group ၏ (၁၀)ကြိမ်မြောက်အစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၄ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပခဲ့သည့် လူ့အခွင့်အရေးကောင်စီ Universal Periodic Review Working Group ၏ (၁၀)ကြိမ်မြောက်အစည်းအဝေး၌ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများအပေါ် ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်ခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၁ ●

မြန်မာ့အလင်း (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကြိုဆိုဂုဏ်ပြု

- ❖ ပြည်ထောင်စုအစွန့်ရှည်ရေး ဒို့အရေး — ကိုကိုမောင်ကြီး၏ ဆောင်းပါး စာ- ၈၊ ၉
- ❖ ပြည်ထောင်စုကြွေးကြော်သံ — မောင်အေးငြိမ်း(ဟသ်ာတ)၏ ကဗျာ စာ-၉
- ❖ ညီညွတ်မှုအား — ဝေရှင်၏ ကာတွန်း စာ-၉